မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၉၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၀၉ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၄)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက်နာရှစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒေသခံ တိုင်းရင်းသားပြည်သူတို့ ရာသီချိန်ခါမရွေး သွားလာနိုင်သည့် မင်းကင်းမြို့နယ် မြို့မတံတား



ရန်ကုန် ဇူလိုင် ၂၅

နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန်၊ လူနေမှုအဆင့်အတန်း မြင့်မြင့်မားမားဖြင့် နေထိုင်နိုင်ရန်၊ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရန်နှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ အဆင်ပြေ မြန်ဆန်ချောမွေ့စေရန် နိုင်ငံတော်အစိုးရက စီမံဖြည့်ဆည်းပေးလျက်ရှိသည့်အတွက် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနေကြရပေပြီ။

➤ သတင်းမှတ်စု - နုနုရီနှင့် အေးသန္တာသိန်း
➤ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
➤ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လျင်မြန်လွယ်ကူ

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် များစွာအရေးပါသော မြစ်ကူး၊ ချောင်းကူးတံတားကြီးငယ်များစွာကို တည်ဆောက်ပေးခဲ့မှုကြောင့် နေရာဒေသအနှံ့ ပြည်သူများမှာ လျင်မြန်လွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်သည်။

တည်ဆောက်ပေးခဲ့

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများက တံတားများကို တည်ဆောက်ပေးသကဲ့သို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် စစ်အင်ဂျင်နီယာများနှင့် တပ်မတော်သားများကလည်း ပြည်သူများအတွက် လမ်း၊ တံတားများကို ဖောက်လုပ်တည်ဆောက်ပေးခဲ့သည်။ *စာမျက်နှာ ၅ ကော်လံ ၆* ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စီးပွားရေး ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာသော မွန်ပြည်နယ် မော်လမြိုင်မြို့

မွန်ပြည်နယ် မော်လမြိုင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်စေသော တိုက်တန်းအိမ်ရာများကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော် (စမ်းချောင်း)

သတင်းခရီးသည်
ဝင်းရွှေ (မြန်မာ့အလင်း)

ဓာတ်ပုံမှတ်တမ်း
သတင်းထောက်ထွန်းဇော်
(စမ်းချောင်း)

စာမျက်နှာဖွဲ့စည်းမှု
ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၅

မွန်ပြည်နယ်သည် တောင်တန်းနှင့်မြေပြန့် ဆက်စပ်တည်ရှိနေသော ပြည်နယ်ဖြစ်သည်။ ပြည်နယ်ရုံးစိုက်ရာ မော်လမြိုင်မြို့သည် မြေပြန့်လွင်ပြင် ကျယ်ပြန့်သောမြို့ဖြစ်သည်။

မြို့တွင်းလမ်းများ ကျယ်ဝန်းကာ အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက် ဖြောင့်တန်းစွာ ဖောက်လုပ်ထားသည်။ မြို့ဖွဲ့စည်းမှု စနစ်တကျရှိပြီး နေအိမ်တိုက်တာ အဆောက်အအုံများကို အစီအရီ နေရာတိုင်း၌ မြင်တွေ့ရသည်။ တစ်ခါတစ်ရံ နေအိမ်အဆောက်အအုံများကို ခေါင်ကန့်လန့်ဆောက်ထားမှု နေရာအတော်များများ၌ တွေ့ရသဖြင့် ဒေသ၏အယူအဆတစ်ရပ်ပင်ဖြစ်မည်ဟု ထင်မိသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ✻

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဇူလိုင် ၂၆ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး တံတားများ တိုးချဲ့ဖွင့်လှစ် မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းအားတိုးမြှင့်ဖော်ဆောင်

မန္တလေးတိုင်း စဉ့်ကူးမြို့နယ် မန္တလေး-မတ္တရာ-မိုးကုတ်လမ်း မိုင်တိုင်အမှတ် (၄၉/၆)ရှိ လက်ပန်လှတံတား ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၄ရက်နေ့က အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

လက်ပန်လှတံတားသည် ယခင်က ဘေလီတံတားဖြစ်ပြီး နှစ်ပေါင်းကြာရှည်ပြီဖြစ်သဖြင့် ခံနိုင်ရည်စွမ်းအား လျော့နည်းလာပြီး တစ်လမ်းသွားတံတားဖြစ်၍ ပြည်သူများ လုံခြုံစိတ်ချစွာ သွားလာအသုံးပြုနိုင်ရန် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားကြီးကို ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ တံတားများ တစ်စင်းပြီးတစ်စင်း တည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ်ထားရှိသော စိတ်ရင်းစေတနာလည်းဖြစ်ပြီး မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းနှင့် တီထွင်ကြံဆမှု၊ တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှုနှင့် ကြိုးပမ်းအားထုတ်မှုတို့ကို ဖော်ညွှန်းနေခြင်းဖြစ်သည်။

ယခုကဲ့သို့ နှစ်လမ်းသွား လက်ပန်လှတံတား ပေါ်ပေါက်လာခဲ့၍ မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့တို့မှ တိုင်းရင်းသားပြည်သူများအနေဖြင့် တကောင်း-ကသာလမ်းမကြီးမှတစ်ဆင့် လက်ပန်လှ တံတားကြီးကို ဖြတ်ကျော်ကာ မန္တလေးမြို့အထိ အချိန်ရာသီမရွေး သွားလာနိုင်ကြပြီဖြစ်သည်။

ယင်းတံတားတည်ဆောက်ပြီးစီး၍ စဉ့်ကူး-သပိတ်ကျင်း-မိုးကုတ်-မိုးမိတ်-မဘိမ်းမြို့နယ်တို့မှ ဒေသခံတိုင်းရင်းသားများအနေဖြင့် ခရီးလမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့လာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် တံတားသည် နိုင်ငံတော်၏ ပေ ၁၈၀နှင့်အထက် တံတားများအနက် ၂၂၈စင်းမြောက် တံတားသစ်ကြီးဖြစ်ပြီး မန္တလေးတိုင်းအတွက် ပေ၁၈၀နှင့်အထက်တံတားများတွင် ၁၁စင်းမြောက် တံတားလည်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန် ပြည်နယ်နှင့်တိုင်းများအကြား လွယ်ကူစွာသွားလာနိုင်ရန် လမ်းများ၊ တံတားများကို တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်လာကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံတည်ဆောက်ပေးထားသော လမ်း၊ တံတားများ ရေရှည်တည်တံ့ပြီး အသုံးပြုနိုင်ရန် ဒေသခံတိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၆-၇-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၄၄)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **လက်ထပ်မင်္ဂလာပွဲလေး**
၁၃း၃၀ ၆။ ကျန်းမာသုတ
၁၃း၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၁၀)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၄၅ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄း၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၁။ လျှပ်တစ်ပြက်
၆း၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြားနတ်မယ်လေးရဲ့ ချစ်သံစဉ်** (အပိုင်း-၂)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့်ကျန်ကျောင်း** (အပိုင်း-၃၂)
၂၁။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ (အပိုင်း-၂၀)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး လမ်းနှင့်တံတားများ စစ်ဆေး

နေပြည်တော် ဇူလိုင် ၂၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇူလိုင် ၁၄ရက် နံနက် ၈နာရီက အမ်းမြို့မှ အမ်း-ပဒဲကြော-မအီ ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ လမ်းတစ်လျှောက် ရေနုတ်မြောင်းများနှင့် လမ်းပြုပြင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မအီမြို့နယ် ပြင်ဝန်းစခန်း ရှင်းလင်းဆောင်၌ မအီ-ကျောက်ဖြူ လမ်းစီမံကိန်းအထူးအဖွဲ့မှ တာဝန်ခံက တောင်ကုတ်-မအီလမ်းအပိုင်းနှင့် မအီ-ကျောက်ဖြူ လမ်းအပိုင်းအခြေအနေများကိုလည်းကောင်း၊ အမ်း-မအီလမ်းအပိုင်း လမ်းအထူးအဖွဲ့(၁)တာဝန်ခံက အမ်း-မအီလမ်းအပိုင်း အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်အင်ဂျင်နီယာမှူးကြီးက လမ်းအပိုင်းအလိုက် လမ်း၊ တံတားများအဆင့်မြှင့် ပြုပြင်တည်ဆောက်သွားမည့် လုပ်ငန်းများကိုလည်းကောင်း တင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် မအီ-ကျောက်ဖြူကားလမ်း မိုင်တိုင်အမှတ် (၅၅/၀)မှ (၅၅/၄)အထိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ ဝန်ဖိုက်ချောင်း တံတားအနီးရှိ ဝန်ဖိုက်ဒီရေတောစိုက်ခင်းများနှင့် ဒီရေတောစိုက်ကွက်၊ ဒီရေတောပျိုးခြံ၊ ပိန္နဲတောင်စခန်း၊ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပန်းတောင်းမြို့နယ်၌ ကျင်းပ

ပန်းတောင်း ဇူလိုင် ၂၅

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၇နာရီက ပန်းတောင်း-တောင်ကုတ်လမ်း မိုင်တိုင်အမှတ် ၁၆/၁ ငါးမျက်နှာကျေးရွာ ဆုတောင်းပြည့်စေတီကုန်း၌ ကျင်းပရာ ပန်းတောင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်တင့် တက်ရောက်၍ ယူကလစ်ပင်ကို စိုက်ပျိုးပေးသည်။ **(အောက်ပုံ)**

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူ စုစုပေါင်း၃၀၀ကျော်တက်ရောက်၍ ကျွန်းပင် ၄၀၀၊ ယူကလစ်ပင်၈၀၀ စုစုပေါင်း အပင် ၁၂၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနသည် ကျေးလက်အိမ်ရာထူထောင်ရေး တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀နှင့် ကျေးရွာပိုင်စိုက်ခင်း တစ်ရွာတစ်ဧကအနေဖြင့် ကျွန်းနှင့်ယူကလစ်ပင်၂၀၃၅၀၀ကို ယခုနှစ်မိုးရာသီတွင် ဖြန့်ဝေစိုက်ပျိုးလျက်ရှိကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စစ်ကိုင်း၌ စာကြည့်တိုက်ဖွင့်

စစ်ကိုင်း ဇူလိုင် ၂၅

စစ်ကိုင်းမြို့နယ် မိုးသောက်ကျေးရွာအုပ်စု ကုန်ကြီးကျေးရွာ သာသနနုဂ္ဂဟ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ အခမ်းအနားတွင် မန္တလေးမြို့နေ သာသနနုဂ္ဂဟစာကြည့်တိုက် ဥက္ကဋ္ဌ ဦးသာဆင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်ဖြစ်ပေါ်လာပုံနှင့် စာကြည့်တိုက် ထိန်းသိမ်းရေးလုပ်ငန်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲတွင် စစ်ကိုင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သုတ၊ရသစာအုပ်များကို ဒုတိယ ဦးစီးမှူး ဦးကိုကိုအေးနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးဇော်မြင့်နိုင်တို့က ပေးအပ်လှူဒါန်းကြပြီး စာဌားကတ်စနစ်အောင်မြင်စွာ အသုံးပြုနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၇-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **စိတ်ကောင်းချမ်းသာ** တရားတော် (ဆရာတော်ဘဒ္ဒန္တဇာဂရ)
၆း၄၅ အံ့ဖွယ်ထူးခြားမာရ်အောင်မြင် ပြည်တော်ပြန်ဘုရား (ဇလွန်မြို့)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ဇကရီ** (အပိုင်း-၂၃)
၈း၃၀ Sunday Talk (ဦးစိုးမြင့်၊ ဦးမျိုးမြတ်သူ)
၉း၂၅ Sports World (Sunday Special)
၉း၅၀ သံသရာလည်ကြောင်းနှင့် သံသရာပြတ်ကြောင်း
၁၀း၂၀ Music Talk (မိဘမေတ္တာ)
၁၀း၄၅ စားဖွယ်စုံလင် ဒေသအစားအစာ အစီအစဉ် (ရှမ်းရိုးရာအစားအစာ)
၁၀း၅၅ ပြောင်းလဲလာမည့် သင့်ကမ္ဘာ
၁၁း၁၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၉) (ရုပ်ရှင်တေးများ)
၁၁း၃၅ ဈေးဝယ်လမ်းညွှန် (Diamond City Shopping Center)
၁၂း၀၀ ဗီဒီယိုပြခန်း
၁၂း၂၀ ဂုန်လျှော်စိုက်ပျိုးရေးအတွက် အချိန်ကာလအလိုက် ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများ
၁၂း၃၅ ဆံကေသာအလှဆင်ရာဝယ် (ဆံပင်ဖြောင့်ခြင်း၏ နောက်ဆက်တွဲဆောင်ရန်၊ ရှောင်ရန်များ)
၁း၀၀ **စိတ်ကောင်းချမ်းသာ** တရားတော် (ဆရာတော်ဘဒ္ဒန္တဇာဂရ)
၁း၄၅ အံ့ဖွယ်ထူးခြားမာရ်အောင်မြင် ပြည်တော်ပြန်ဘုရား (ဇလွန်မြို့)
၂း၀၀ MRTV-4 သတင်း
၂း၄၅ စကားနပန်း (အကြွေးရှိတာကောင်းတယ်၊ အကြွေးမရှိတာကောင်းတယ်)
၃း၄၀ ရန်ကုန်မြင်ကွင်းကျယ် (ဂျိတီအိုင်အငြိမ်းစားဆရာကြီးဆရာမကြီးများကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေအခမ်းအနား)
၄း၀၀ သံသရာလည်ကြောင်းနှင့် သံသရာပြတ်ကြောင်း
၄း၂၅ ကောင်းကင်နှင့်ဆုံခဲ့ရာ…
၅း၀၀ ပြောင်းလဲလာမည့်သင့်ကမ္ဘာ
၅း၂၀ စားဖွယ်စုံလင် ဒေသအစားအစာ အစီအစဉ် (ရှမ်းရိုးရာအစားအစာ)
၅း၃၅ Sports World (Sunday Special)
၆း၀၀ MRTV-4 သတင်း
၆း၂၀ VJ Choice
၆း၄၅ ဈေးဝယ်လမ်းညွှန် (Diamond City Shopping Center)
၇း၁၅ ဗီဒီယိုပြခန်း
၇း၃၅ Sports World (Sunday Special)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (အကြွေးရှိတာကောင်းတယ်၊ အကြွေးမရှိတာကောင်းတယ်)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ဇကရီ** (အပိုင်း-၂၃)
၁၀း၀၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၉) (ရုပ်ရှင်တေးများ)
၁၀း၂၅ ကဏ္ဍစုံလင် အားကစားအစီအစဉ် [Euro Beach Soccer League (Quarter Final-1)]
၁၂း၁၀ မေတ္တာရောင်ပြန် ဇေယျာ၊ ဦးဝင်းမြင့်၊ စိုးမိုးကြည်နှင့် အနုပညာရှင်များ ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)
၁၂း၃၀ လုပဝင့်ထည်မြန်မာ့ကြိမ်ထည်
၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (ဂျိတီအိုင်အငြိမ်းစားဆရာကြီးဆရာမကြီးများကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေ အခမ်းအနား)
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်ဆန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဗိုလ်မြတ်ထွန်းလမ်းကျောက်ချောခင်းရန် ကျောက်စုဆောင်းမှုကို ဇွန်၁၂ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာမင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၄၂)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ဇူလိုင်၁၉ရက်မှ ၂၃ရက်အထိ ကျင်းပခဲ့သည့် (၄၂)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

တက်ရောက်ခဲ့

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၁၉ရက် မွန်းလွဲပိုင်းတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံ လူ့အခွင့်အရေးဆိုင်ရာ အဆင့်မြင့်အဖွဲ့အစည်းအဝေးနှင့် အာဆီယံပဋိညာဉ်စာတမ်းဆိုင်ရာ ဥပဒေရေးရာ အဆင့်မြင့်ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယင်းနေ့ညပိုင်းတွင် ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီးက တည်ခင်းသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းညစာစားပွဲတွင် ဝန်ကြီးသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်ကိစ္စ၊ အိန္ဒိယသမုဒ္ဒရာအတွင်း နိုင်ငံများရှိ တရားမဝင်လူဝင်၊ လူထွက်ကိစ္စနှင့် ဆိုင်ကလုန်းနာဂစ် ထိခိုက်ပျက်စီးမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်က ဆောင်ရွက်နေသော ပြန်လည်ထူထောင်မှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အမြင်ချင်းဖလှယ်

ဝန်ကြီးသည် ဇူလိုင်၂၀ရက်တွင် (၄၂) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးများ၊ မျက်နှာစုံညီ အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး အာဆီယံပဋိညာဉ်စာတမ်း အကောင်အထည်ဖော်ရေးကိစ္စကို ဆွေးနွေးခဲ့သည်။ ထို့အပြင် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စအချို့တွင် အမြင်ချင်းဖလှယ်ခဲ့သည်။

ဝန်ကြီးသည် ဇူလိုင်၂၁ရက် နံနက်ပိုင်းတွင် အရှေ့တောင်အာရှ ချူကလီးယား လက်နက်ကင်းဝေးရေးဇုန် ကော်မရှင်အစည်းအဝေး၊ ဒုတိယအကြိမ်အာဆီယံနိုင်ငံရေး လုံခြုံရေး အသိုက်အဝန်းကောင်စီ အစည်းအဝေး၊ စတုတ္ထအကြိမ် အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် အာဆီယံ+၃ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးနှင့် အရှေ့အာရှနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးများသည် ကမ္ဘာ့စီးပွားရေးကပ် ဖြေရှင်းရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စွမ်းအင်လုံခြုံရေး၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းလုံခြုံစွာ အသုံးချနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ဒေသတွင်းနှင့် နိုင်ငံတကာ ကိစ္စအချို့တွင် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ပါဝင်တက်ရောက်

ဇူလိုင်၂၂ရက်တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် ဆွေးနွေးဖက်(၁၀) နိုင်ငံ (ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ရုရှား၊ ကနေဒါ၊ အီးယူ၊ အိန္ဒိယနှင့် အမေရိကန်)မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တစ်နိုင်ငံချင်းအလိုက် အာဆီယံ+၁ အစည်းအဝေးများ ကျင်းပခဲ့သည်။ အာဆီယံ+၁ အစည်းအဝေးနှစ်ခုကို တစ်ပြိုင်တည်းကျင်းပသဖြင့် တာဝန်ခွဲဝေချထားပေးသည့်စနစ်အရ ဝန်ကြီးဦးဉာဏ်ဝင်းသည် ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနိုင်ငံတို့နှင့် ကျင်းပသော အာဆီယံ+၁ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ ကျန်ဆွေးနွေးဖက်နိုင်ငံများနှင့် တစ်ပြိုင်တည်း ကျင်းပသော အာဆီယံ+၁ အစည်းအဝေးများသို့ ဝန်ကြီးကိုယ်စား အာဆီယံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းခေါင်းဆောင်သောအဖွဲ့က ပါဝင်တက်ရောက်ခဲ့သည်။

လက်မှတ်ရေးထိုး

အာဆီယံ-နယူးဇီလန် ဆက်ဆံရေးတွင် မြန်မာနိုင်ငံသည် ညှိနှိုင်းရေးတာဝန်ခံနိုင်ငံဖြစ်သဖြင့် အာဆီယံ - နယူးဇီလန် အစည်းအဝေးတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အလှည့်ကျ အာဆီယံ-နယူးဇီလန် ညှိနှိုင်းရေးတာဝန်ကို မလေးရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ အာဆီယံ-ရုရှား အစည်းအဝေးအပြီးတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် နောင်သုံးနှစ်ကာလ အာဆီယံ - ရုရှားဆက်ဆံရေး ညှိနှိုင်းရေးတာဝန်ကို ဖိလစ်ပိုင်နိုင်ငံထံမှ လွှဲပြောင်းလက်ခံရယူခဲ့သည်။ အာဆီယံ-အမေရိကန် အစည်းအဝေးအပြီးတွင် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်သို့ အမေရိကန်ပါဝင်ခြင်းဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုးရာတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် အခြားအာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

ရှင်းလင်းပြောကြား

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၃ ရက်တွင် (၁၆)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ ဖိုရမ် (အေအာရ်အက်ဖ်) အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးနှင့် ဝန်ကြီးအဆင့် မျက်နှာစုံညီအစည်းအဝေးတို့သို့ ပါဝင်တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးများတွင် ဝန်ကြီး ဦးဉာဏ်ဝင်းက မြန်မာနိုင်ငံ လက်ငင်း ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် ဇူလိုင်၂၃ရက်တွင် ကျင်းပသော အာဆီယံဥက္ကဋ္ဌ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့ လက်မှတ်ရေးထိုးသော အာဆီယံ-ဩစတြေးလျ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်(၂) လက်မှတ်ရေးထိုးပွဲ အခမ်းအနားနှင့် အာဆီယံအတွင်းရေးမှူးချုပ်နှင့် မော်စကိုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်တို့ လက်မှတ်ရေးထိုးသော အာဆီယံ-ရုရှား စင်တာ ထူထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ဝန်ကြီး ဦးဉာဏ်ဝင်းသည် အခြားအာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

လက်ခံတွေ့ဆုံ

ဤသို့ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အေအာရ်အက်ဖ် အစည်းအဝေးများ တက်ရောက်စဉ် ကာလအတွင်း ဝန်ကြီး ဦးဉာဏ်ဝင်းသည် သီရိလင်္ကာနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အရှေ့တီမောနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများအား ၎င်းတို့၏ မေတ္တာရပ်ခံချက်အရ သီးခြားစီ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာရေးရာ အချို့ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝေလွင်သန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဟောက်ခန့်ဆုမ်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်တင်ရှိန်နှင့် ဌာနစုမှူး(၁) ဦးတင်ဝင်းတို့လည်း ပြန်လည် လိုက်ပါလာကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ကျင်းပသည့် (၄၂)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးသို့တက်ရောက်ပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (နိုင်ငံခြားရေး)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၀၉ခုနှစ် ဇူလိုင်၂၆ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၄)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာမက် ရှာဟစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဥဒ္ဒနဲ့ငါးကို ဖွားစေလို ငါးရစ်ဆို မဖမ်းနဲ့

မှတ်သားဖွယ်ရာမိုးရေချိန်

(၂၅-၇-၂၀၀၉)

ခန္တီး	၄၃သမ ၆၄ လက်မ
ကိုကိုးကျွန်း	၃၃သမ ၆၃ လက်မ
ပူတာအို	၂၃သမ ၄၄ လက်မ
ဟဲဟိုး	၂၃သမ ၀၉ လက်မ
ပုသိမ်	၂၃သမ ၀၉ လက်မ

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်ထွန်းအောင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ သွားရောက်စစ်ဆေး

နေပြည်တော် ဇူလိုင် ၂၅

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်သည် ဇူလိုင်၂၃ရက်တွင် မကွေးတိုင်းအတွင်း ရေနံချောင်း၊ ချောက်မြို့နှင့် ပခုက္ကူမြို့တို့ရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (Labour Exchang Office)များသို့လည်းကောင်း၊ ဇူလိုင်၂၄ ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အမရပူရမြို့နှင့် စစ်ကိုင်းမြို့တို့ရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့လည်းကောင်း သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးမျိုးဆက်မပြုန်းတီးရေး ထန်းတပင်၌ ပညာပေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်(မြောက်ပိုင်း)ခရိုင် ထန်းတပင်မြို့နယ် ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၄ရက်က မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေဒိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးဌာနမှူး ဦးသန်းဦးဝေ **(အောက်ပုံ)**က ငါးမျိုးများ ပြုန်းတီးမသွားစေရန်၊ ငါးရစ်၊ ငါးသန်များကို မဖမ်းဆီးကြရန်နှင့် ပိုက်စိပ်များသုံးစွဲဖမ်းဆီးခြင်း၊ ဘက်ထရီ ရှော့ရိုက်ဖမ်းဆီးခြင်း၊ အဆိပ်ဆေးချခြင်း၊ မိုင်းခွဲခြင်းစသည့် ငါးဖမ်းစနစ်များကို မသုံးစွဲကြရန်၊ ငါးလုပ်ငန်းဦးစီးဌာနက ချမှတ်ထားသည့်စည်းကမ်းချက်များကို လေးစားလိုက်နာကြရန် ပညာပေး ဆွေးနွေးပြောကြားသည်။ **(၁၈၃)**

အဂတိလိုက်စားမှုဖြင့် အမေရိကန်၌ လူ ၃၀ခန့် ဖမ်းဆီးခံရ

ဝါရှင်တန် ဇူလိုင် ၂၅

အဂတိလိုက်စားမှုနှင့် နိုင်ငံတကာဆိုင်ရာ ငွေကြေးခဝါချမှုအပေါ် စစ်ဆေးစုံစမ်းမှုနှင့်ပတ်သက်၍ နယူးဂျာစီပြည်နယ်မှ မြို့တော်ဝန်နှစ်ဦးအား ဇူလိုင် ၂၃ရက်တွင် ဖမ်းဆီးခံရကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပြောကြား

ဟိုဘိုကင်မြို့တော်ဝန် ပီတာကင်မာရင်နိုနှင့် စီကောကပ်မြို့တော်ဝန် ဒင်းနစ်အယ်ဝဲတို့ အပါအဝင် လူ ၃၀ခန့်အား စုံစမ်းစစ်ဆေးရန် ဖမ်းဆီးထားသည်ဟု အမေရိကန် ရှေ့နေရုံးက ပြောကြားသည်။

ဖမ်းဆီးထား

လွှတ်တော်အမတ် ဒင်းနီပယ်ဗန်ပက်နှင့် နယူးဂျာစီမြို့မှ ဒုတိယမြို့တော်ဝန် လီယိုနာအယ်ဒီနီတို့လည်း ဖမ်းဆီးခံထားရသည်ဟု အစိုးရရှေ့နေများက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပြင်သစ်နိုင်ငံ ပါရီမြို့အရှေ့ပိုင်းရှိ ပါရီဒစ္စနေလန်းတွင် ခရီးသွားဧည့်သည်များအား ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ရောင်စုံဘောလုံးများဖြင့် အလှဆင်ထားသည့် မီးပုံးပျံ လွှတ်တင်ခဲ့သည်ကို ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကိုလံဘီယာအခြေစိုက် ကန်စစ်စခန်းများ တည်ဆောက်မှု တောင်အမေရိကဒေသ၏ငြိမ်းချမ်းရေးအတွက်ခြိမ်းခြောက်ဟုဆို

ကာရာကက်စ် ဇူလိုင် ၂၅

ကိုလံဘီယာနိုင်ငံတွင် အမေရိကန်စစ်ရေးအခြေစိုက်စခန်းများ တည်ဆောက်မှုသည် စိတ်မသက်မသာဖြစ်ရသည့်လုပ်ရပ်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဇူလိုင် ၂၃ရက်တွင် ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ သံအမတ်မာရီယာလွီဆာချီယာပက်နှင့် ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီး နစ်ကိုလပ်စ်မာဒူရိုတို့ တွေ့ဆုံစဉ် ဗင်နီဇွဲလားနိုင်ငံ၏ သဘောထားကို ဖော်ပြခြင်းဖြစ်သည်ဟု ချာဗက်ဇ်က ပြောကြားသည်။

စိုးရိမ်မကင်း

အမေရိကန်စစ်အခြေစိုက်စခန်းများ ကိုလံဘီယာဒေသတွင် များပြားလာသည့်ကိစ္စအပေါ် စိုးရိမ်မကင်းဖြစ်ပြီး ယင်းအခြေအနေများကြောင့် ကိုလံဘီယာနှင့် ဆက်ဆံရေးလုပ်ငန်းစဉ်တစ်ရပ်လုံးအပေါ် ပြန်လည်သုံးသပ်ရန် လိုအပ်သည်ဟု သမ္မတချာဗက်ဇ်က ထုတ်ဖော်ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံအား တိုက်ခိုက်ရာတွင် ကိုလံဘီယာအခြေစိုက်စခန်းများကို အသုံးပြုနိုင်ပြီး တောင်အမေရိကဒေသ၏ ငြိမ်းချမ်းရေးအတွက် ခြိမ်းခြောက်လျက်ရှိကြောင်း သမ္မတချာဗက်ဇ်က သုံးသပ်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အကြမ်းဖက်သမားဟုယူဆရသူတစ်ဦးအား အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖမ်းဆီး

ဂျကာတာ ဇူလိုင် ၂၅

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအလယ်ပိုင်းရှိ ဂျေဒဗလျူမာရီယော့နှင့် ရစ်ဇ်ကာလတန်ဟိုတယ်ကြီးနှစ်ခုကို လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာတွင် နောက်ကွယ်မှကြိုးကိုင်ခဲ့သည်ဟု ယူဆရသူ နူဒင်မိုဟာမက်တော့ဖ်၏ သိမ်းသွင်းခံရသူတစ်ဦးအား အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ အလက်ဟမ်ဘမ်ရီယာမော့ဂျိုက ပြောကြားသည်။

အကြမ်းဖက်ကြိုးကိုင်သူတော့ဖ်သည် အရှေ့တောင်အာရှဒေသ ဗုံးဖောက်ခွဲမှုများတွင် အဓိကအခန်းမှ ပါဝင်သူဖြစ်သဖြင့် ရဲတပ်ဖွဲ့က အလိုရှိသူတစ်ဦးဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထရပ်ကားတိမ်းမှောက်

တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ် ဟာဘင်မြို့၌ ထရပ်ကား တိမ်းမှောက်သွားခဲ့သည်ကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။ (ယင်းကားတိမ်းမှောက်မှု၌ ကားပေါ်တွင် လိုက်ပါလာသူ သုံးဦး သေဆုံးခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

ဆယ်စုနှစ်အတွင်း ကိုလံဘီယာ၌ ရေနံသိုက်ကြီး ရှာဖွေတွေ့ရှိ

ဘိုကိုတာ ဇူလိုင် ၂၅

ရေနံစည်သန်းပေါင်း ၁၀၀ကျော် ထွက်ရှိမည်ဟု ယခင်ကခန့်မှန်းခဲ့သည့် ပစိဖိတ်ရူဘီလက်စ်ကမ်းလွန်ရေနံလုပ်ကွက်မှ ယခုအခါ ရေနံစည်သန်းပေါင်း ၅၀၀ကျော် ထွက်ရှိမည်ဟု ကိုလံဘီယာအစိုးရက ဇူလိုင် ၂၃ရက်တွင် အတည်ပြုပြောကြားလိုက်သည်။

ယင်းမှာ မူလကခန့်မှန်းထားသည် ထက်ငါးဆတိုး၍ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ဆယ်စုနှစ်အတွင်း ယခု ထပ်တိုးထွက်ရှိမည့် ရေနံစိမ်းစည် သန်း၄၀၀မှာ နိုင်ငံအတွက် အရေးပါသည့် ရှာဖွေတွေ့ရှိမှုတစ်ရပ်ပင်ဖြစ်ကြောင်း သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဟာနန်မာတီနက်ဇ်က ပြောကြားသည်။

ရှာဖွေတွေ့ရှိ

ပြီးခဲ့သည့် စက်တင်ဘာလကလည်း ကိုလံဘီယာနိုင်ငံ အလယ်ပိုင်းတွင် ရေနံစိမ်း စည်တစ်သန်းထွက်ရှိမည့် ရေနံသိုက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။

မျှော်လင့်

ယခုနှစ်အတွင်း ပစိဖိတ်ရူဘီလက်စ်ကမ်းလွန်ရေနံလုပ်ကွက်မှ နေ့စဉ် ရေနံစိမ်းစည် ၁၂၀၀၀၀ထုတ်လုပ်ပေးလျက်ရှိသည်။ လာမည့် ၂၀၁၀ပြည့်နှစ် အရောက်တွင် ရေနံများ တိုး၍ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တစ်နေ့လျှင် ရေနံစိမ်း စည် ၁၇၀၀၀၀ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။ **(အင်တာနက်)**

ပိုလန်တွင် မုန်တိုင်းတိုက်ခတ် ရှစ်ဦးသေဆုံး

ဝါဆော ဇူလိုင် ၂၅

ပိုလန်နိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသတွင် မုန်တိုင်းတိုက်ခတ်သဖြင့် ရှစ်ဦးသေဆုံးပြီး လူ ၅၀ခန့် ဒဏ်ရာရရှိကြောင်း အင်န် ၂၄ ရုပ်မြင်သံကြားဌာနက ဇူလိုင် ၂၄ရက်၌ ဖော်ပြသည်။

လမ်းများပိတ်ဆို့

မိုးကြိုးမုန်တိုင်းလည်း ဇူလိုင် ၂၃ ရက် ညနေပိုင်းက တိုက်ခတ်သဖြင့် အိုးအိမ်များနှင့် မော်တော်ယာဉ်များ ပျက်စီးကာ ကျိုးကျနေသည့် သစ်ပင်များကြောင့် လမ်းများပိတ်ဆို့လျက်ရှိသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် အနောက်ပိုင်း ပိုလန်ဒေသရှိ ပေါ့ဇနန်ဘူတာရုံ၌ ရေလွှမ်းမှုဖြစ်ပွားခဲ့သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

မက္ကဆီကို၌ စားသောက်ကုန် ဈေးနှုန်းမြင့်တက်

မက္ကဆီကိုစီးတီး ဇူလိုင် ၂၅

မက္ကဆီကိုနိုင်ငံ၌ ဇူလိုင် ပထမနှစ်ပတ်အတွင်း စားသောက်ကုန်ဈေးနှုန်းများမှာ ၁ဒသမ၈၈ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဇူလိုင် ၂၃ရက်တွင် ဗဟိုဘဏ်က သတင်းထုတ်ပြန်သည်။

ပျက်စီးလွယ်သောစားသောက်ကုန်များနှင့် လောင်စာအသုံးစရိတ်များ အပါအဝင် ငွေကြေးဖောင်းပွမှုများကြောင့် စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုမှာ သုံးကြိမ်ထက်မနည်းရှိကြောင်း မက္ကဆီကို ဗဟိုဘဏ်က သတင်းထုတ်ပြန်သည်။

ဝယ်ယူရရှိနိုင်

စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုမှာ ၂၀၀၇ခုနှစ်က ၂ဒသမ ၈ရာခိုင်နှုန်းနှင့် ၂၀၀၈ခုနှစ်က ၂ဒသမ ၁၄ရာခိုင်နှုန်း မြင့်တက်ခဲ့မှုနှင့် နှိုင်းယှဉ်လျှင် ယခုနှစ် စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုနှုန်းမှာ လျော့နည်းနေသေးသည်။

ယင်းမှာ ယခုနှစ်အတွင်း အချို့သော ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများကို ဈေးသက်သက်သာသာဖြင့် ဝယ်ယူရရှိနိုင်၍ ဖြစ်သည်။ **(အင်တာနက်)**

အီရတ် မြို့ကြီးများ၌ တိုက်ပွဲများဖြစ်ပွား အရပ်သားများသေဆုံး၊ ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် ဒီယာလာပြည်နယ်၌ ဇူလိုင် ၂၄ရက်က ဖြစ်ပွားသည့် သီးခြားတိုက်ပွဲများတွင် အရပ်သားသုံးဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဖော်ပြ

ယင်းနေ့စောစောပိုင်းက ဘဂ္ဂဒက်မြို့တောင်ပိုင်း ဆာဒီရာဒေသရှိ ဆေးပညာရပ်ဆိုင်ရာ စင်တာအနီး၌ ကားဗုံးပေါက်ကွဲရာ အရပ်သားခြောက်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါပေါက်ကွဲမှုကြောင့် ခရီးသည်တင် မော်တော်ယာဉ်များနှင့် အဆောက်အအုံများ ပျက်စီးခဲ့သည်။

ပါဝင်

တစ်ပြိုင်တည်းမှာပင် ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်း ဒီယာလာပြည်နယ်၌ တိုက်ပွဲဖြစ်ပွားရာ ဒေသခံပြည်သူသုံးဦး သေဆုံးသည်။ သေဆုံးသူများအနက် ကလေးငယ်တစ်ဦး ပါဝင်သည်။

၂၀၀၃ခုနှစ်မှ အီရတ်နိုင်ငံအတွင်း အမေရိကန်ဦးဆောင်သော တပ်များစတင်ဝင်ရောက်ကတည်းက ၄င်းနိုင်ငံမြို့ကြီးအနှံ့အပြား၌ အယ်လ်ခိုင်ဒါအဖွဲ့နှင့် အခြားသော စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုသည် ကာလရှည်ကြာခဲ့သည်။ **(အင်တာနက်)**

ဗုံးပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီးရှိ ရာမာဒီမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇူလိုင် ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

A(H1N1) ထပ်မံဖြစ်ပွားသူ ဥရောပတစ်ဝန်း၌ ၁၆၇၁ဦး ရှိလာ

စတော့ဟုမ်း ဇူလိုင် ၂၅

ဥရောပဒေသရှိ နိုင်ငံများတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်းက A(H1N1) တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူ ၁၆၇၁ဦးအထိ ရှိလာကြောင်း ဥရောပကျန်းမာရေးဌာနက ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

ထုတ်ပြန်

ယင်းရောဂါဖြစ်ပွားသူများအနက်မှ ဂျာမနီနိုင်ငံတွင် ၆၃၇ ဦး၊ ဗြိတိန်တွင်၅၁၀၊ ဂရိတွင် ၁၉၇ ဦး၊ ဆွီဒင်တွင် ၆၄ ဦး၊ အီတလီတွင် ၆၂ ဦး၊နော်ဝေတွင် ၄၆ဦး၊ စပိန်တွင် ၄၀၊ ဆွစ်ဇာလန်တွင် ၂၉ ဦး၊ ပေါ်တူဂီတွင် ၁၉ ဦး၊ ဆလိုဗေးနီးယားတွင် ၁၅ဦး၊ ဟန်ဂေရီတွင် ၁၂ဦး၊ ဩစတြီးယားတွင် ရှစ်ဦး၊ ဒိန်းမတ်နှင့် အိုင်ယာလန်တွင် ငါးဦးစီ၊ ဘူလ်ဂေးရီးယားတွင် လေးဦး၊ ချက်သမ္မတနိုင်ငံ၊ အိုက်စလန်၊ ဆလိုဗက်ကီးယားနှင့် လစ်သူယေးနီးယားတို့တွင် သုံးဦးစီ၊ ရိုမေးနီးယားနှင့် မော်လတာတွင် နှစ်ဦးစီ၊ အက်စတိုးနီးယားနှင့်ပိုလန်တွင်တစ်ဦးစီရှိကြကြောင်း သက်ဆိုင်ရာဌာနက ထုတ်ပြန်သည်။

ယခုအခါ ဥရောပနိုင်ငံများတွင် A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်းမှာ ၁၉၄၀၄ ဦးအထိ ရှိသည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

ချစ်စိုးနိုင်- စုစည်းတင်ပြသည်

တောင်ပေါ်မှ ကျောက်တုံးလိမ့်ကျ၍ တရုတ်၌ တံတားကျိုးကျ

ပြီးခဲ့သည့်နှစ်က တရုတ်ပြည်လျှင်၏ ဗဟိုချက်မဒေသဖြစ်သည့် ဝင်ချွမ်စီရင်စုရှိ တံတားတစ်စင်းပေါ်တွင် ဇူလိုင် ၂၅ရက် နံနက် ၅နာရီခန့်က ကားများဖြတ်သန်းမောင်းနှင်နေစဉ် အနီးရှိတောင်ပေါ်မှ ကျောက်တုံးများ တံတားပေါ်သို့ လိမ့်ကျခဲ့၍ တံတားကျိုးကျပြီး မင်ကျန်မြစ်အတွင်းသို့ ကားများထိုးကျသွားခဲ့ကြောင်း၊ အသေအပျောက် စာရင်းကို မသိရသေးကြောင်း သတင်း၌ဖော်ပြသည်။ (အောက်ပုံ)

ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် ကမ္ဘောဒီးယားသို့ အလည်အပတ်ရောက်ရှိ

ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် ထရမ်ဗင်ထရောင်သည် ဇူလိုင် ၂၅ရက်က ကမ္ဘောဒီးယားနိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီးရောက်ရှိနေကြောင်း သိရသည်။

ယာဉ်မတော်တဆမှု ဟောင်ကောင်၌ဖြစ်ပွား

တရုတ်ဟောင်ကောင်ဒေသ၌ ဇူလိုင် ၂၅ရက် နံနက် ၅နာရီခွဲတွင် မီနီဘတ်စ်တစ်စီးက ကုန်သေတ္တာတင်ကားတစ်စီးကို အရှိန်ဖြင့် ဝင်တိုက်ခဲ့မှုကြောင့် မီနီဘတ်စ်မှ ယာဉ်မောင်းနှင့် အမျိုးသမီးခရီးသည် စုစုပေါင်း နှစ်ဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဇမ်ဘီယာ ရုပ်သံ၏ ရှယ်ယာ ၇၅ရာခိုင်နှုန်း ပုဂ္ဂလိကများသို့ ရောင်းချမည်ဟု ကြေညာ

ဇမ်ဘီယာအစိုးရအနေဖြင့် ဇမ်ဘီယာရုပ်သံဆက်သွယ်ရေး ကော်ပိုရေးရှင်း (ဇမ်တဲလ်)၏ အစုရှယ်ယာ ၇၅ရာခိုင်နှုန်းကို ပုဂ္ဂလိကများသို့ ရောင်းချမည်ဟု ဇမ်ဘီယာသမ္မတက ကြေညာခဲ့ကြောင်း ဒေသဆိုင်ရာသတင်းစာက ရေးသားဖော်ပြသည်။

တတိယမြောက်နျူကလီးယားဓာတ်အားပေးစက်ရုံ စက်တင်ဘာလတွင် ဘရာဇီး၌ ဆောက်လုပ်မည်

ကာလအတန်ကြာ ဆောက်လုပ်ရန် နှောင့်နှေးနေသော ဘရာဇီးနိုင်ငံ၏ တတိယမြောက် နျူကလီးယားဓာတ်အားပေးစက်ရုံ အန်ဂရာ-၃ကို လာမည့် စက်တင်ဘာလတွင် ပြန်လည်စတင်တည်ဆောက်မည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံ၏ နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ရေးကုမ္ပဏီဖြစ်သည့် အီလက်ထရိုနျူကလီးယားကုမ္ပဏီ၏ ဥက္ကဋ္ဌ အိုသွန်လူးဝစ်ပင်ဟီရိုက ထုတ်ဖော်ပြောကြားသည်။

တရုတ်(တိုင်ပေ)ဒေသ နွေရာသီသင်တန်း၌ A(H1N1)တုပ်ကွေးရောဂါဖြစ်ပွား

တရုတ်(တိုင်ပေ)ဒေသ ကာအိုဆီအမ်မြို့တွင် နွေရာသီသင်တန်း တက်ရောက်ပညာသင်ကြားနေသော အထက်တန်းကျောင်းသား ၂၁၄ဦးအနက် ၁၀၆ဦးတွင် A(H1N1) တုပ်ကွေးရောဂါလက္ခဏာကို တွေ့ရှိခဲ့ရပြီး ၎င်းတို့အနက်မှ ရှစ်ဦး၌ ယင်းရောဂါ ဖြစ်ပွားနေကြောင်း စမ်းသပ်တွေ့ရှိကာ အတည်ပြုခဲ့သည်ဟုဆိုသည်။

ပါပူဝါနယူးဂီနီ၌ အင်အားပြင်းငလျင်လှုပ်

ပါပူဝါနယူးဂီနီကျွန်းရှိ ဘိုဂိန်ဗီလီမြို့တွင် ဇူလိုင်၂၅ရက် နံနက်ပိုင်းက အင်အား ၆ဒသမ ၂ရစ်ချ်တာစကေးရှိ ငလျင်လှုပ်သွားခဲ့ကြောင်း၊ သို့သော်လည်း အသေအကျေ အပျက်အစီးစာရင်းကို မသိရသေးကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ကိုကင်း ကီလိုဂရမ်၄၂၀ ကိုလံဘီယာရေတပ် သိမ်းဆည်းရမိ

ကာရစ်ဘီယံအူဘာရာပင်လယ်ကွေ့တွင် အမြန်ရေယာဉ်နှစ်စင်းအတွင်း၌ ကိုကင်း ကီလိုဂရမ်၄၂၀ကို ကိုလံဘီယာရေတပ်က ဇူလိုင်၂၄ရက်က သိမ်းဆည်းရမိခဲ့ကြောင်း ဇူလိုင်၂၅ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး ပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ ကျန်းမာရေးဦးစီးဌာနနှင့် အမှတ် ၁၉ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါကာကွယ်ရေး ပညာပေး ဟောပြောပွဲ အခမ်းအနားကို ဇူလိုင်၂၄ရက် မွန်းတည့် ၁၂နာရီက အမှတ် ၁၉ရပ်ကွက် ဒေသဖွံ့ဖြိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အမှတ် ၁၉ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှသန်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ပညာပေးဆွေးနွေး

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်နော်ဖေးဘရိတ်နှင့် ရပ်ကွက်ကျန်းမာရေးတာဝန်ခံ သူနာပြုဆရာမ ဒေါ်ကြည်ကြည်စန်းတို့က ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ပညာပေးဆွေးနွေးဟောပြောကြကြောင်းသိရသည်။

တက်ရောက်

အခမ်းအနားသို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ပြည်သူများအင်အား ၂၅၀ခန့်တက်ရောက်ကြသည်။

(ဝ၉၇)

မုတ်သုံရာသီ အထူးဈေးရောင်းပွဲ ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၂၅

သုံးစွဲသူများအကြိုက်နှင့် ကိုက်ညီသော GSM, CDMA, TDMA ဟန်းဆက်များ၊ CDMA 450 MHz အထိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးနေသည့် Mobilemate Telecommunications Co., Ltd. ၏ မုတ်သုံရာသီအထူး Promotion အစီအစဉ်ကို ဇူလိုင် ၂၉ရက်မှ ဩဂုတ် ၂ရက်အထိ ရန်ကုန်မြို့ရှိ Capital Hyper Market၌ ကျင်းပမည့် Mobile Amazing ပြပွဲတွင် ပါဝင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အရည်အသွေးကောင်း

အဆိုပါအစီအစဉ်တွင် နိုင်ငံတကာ အဆင့်မီ Korea နိုင်ငံထုတ် အရည်အသွေးကောင်း CDMA အထိုင်ဖုန်းနှင့် CDMA ဟန်းဆက်များ၊ GSM ဟန်း ဆက်များကို ဈေးနှုန်းမှန်ကန်ချိုသာစွာ တစ်နှစ်အာမခံဖြင့် ရောင်းချပေးသွားမည်ဖြစ် သည်သာမက Special Sale Package ဖြင့် ရောင်းချပေးသော အစီအစဉ်၊ Special Present ပေးသော အစီအစဉ်များနှင့် အခြားအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

Mobilemate Telecommunications Co., Ltd. သည် Korea နိုင်ငံထုတ် AXESSTEL အမှတ်တံဆိပ် CDMA 450 MHz Fixed Wireless Phone (အထိုင်ဖုန်း)များကို မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိသကဲ့သို့ Korea နိုင်ငံမှ ထုတ်လုပ်ပြီး Vietnam နိုင်ငံအခြေစိုက် EVN Telecom မှတစ်ဆင့် Curitel နှင့် Ubiquam အမှတ်တံဆိပ် ဟန်းဆက်များကိုလည်း ဖြန့်ချိပေးလျက်ရှိသည်။ ယင်း AXESSTEL Corporationသည် ကျွမ်းကျင်မှုအပြည့်အဝရှိသော အတတ်ပညာရှင်များဖြင့် အဆင့်မြင့်နည်းပညာများပေါင်းစပ်၍ သုံးစွဲသူများအကြိုက်နှင့် ကိုက်ညီသော နိုင်ငံတကာ အဆင့်မီ အရည်အသွေးကောင်းမွန်သည့် ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများကို ထုတ်လုပ်ပေးနေသော အဖွဲ့အစည်းများဖြစ်သည်။

ရေပန်းစား

သို့ဖြစ်၍ သုံးစွဲသူများအနေဖြင့် မိမိသုံးစွဲမည်ဟု ရည်ရွယ်ထားသော ငွေပမာဏထက် အနည်းငယ်ပိုမို အသုံးပြုရုံဖြင့် လိုင်းဆွဲအားအကောင်းဆုံးနှင့် CDMA 450 MHz ကွန်ရက်သုံး Vietnam, Russia, Romania, Indonesia နိုင်ငံများ၌ အထူးလူကြိုက်များ ရေပန်းစားပြီး အများဆုံးသုံးစွဲနေသော သာဓကများ၊ ဈေးနှုန်းတည်ငြိမ်မှုနှင့် အရည်အသွေး အာမခံချက်ရှိသော AXESSTEL အထိုင်ဖုန်း၊ Curitel နှင့် Ubiquam U 400 Original ဟန်းဆက်များကို ဝယ်ယူရရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ၌ GSM, CDMA ဟန်းဆက်နှင့် အထိုင်ဖုန်းများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချဝန်ဆောင်မှုပေးနေသော ကုမ္ပဏီကြီးမှာ Warranty အာမခံတစ်နှစ်ပေး၍ တိုက်ရိုက်တင်သွင်းရောင်းချဖြန့်ချိပေးလျက်ရှိသည်။

လက်ဆောင်များပေး

ယင်း အရည်အသွေးမြင့်သော GSM, CDMA ဟန်းဆက်၊ အထိုင်ဖုန်းနှင့် ဆက်စပ် ပစ္စည်းများကို Mobilemate Telecommunications Co., Ltd. ၏ လက်ကားအရောင်းဌာနများ ဖြစ်သော Mobilemate Distribution (ရန်ကုန်) နှင့် Mobilemate Distribution (မန္တလေး) တို့မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချပေးလျက်ရှိသကဲ့သို့ လက်လီအရောင်းဆိုင်များဖြစ်သော NOKIA Store (1), NOKIA Store (2) နှင့် Mobile Corner တို့၌လည်း ဝယ်ယူရရှိနိုင်ကြောင်း၊ ထို့အပြင် NOKIA Store (3) ကိုလည်း ဆူးလေဘုရားလမ်း Center Point Towers ဒုတိယထပ်၌ စက်တင်ဘာလတွင်ဖွင့်လှစ်ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း၊ အထူးအစီအစဉ်အနေဖြင့် ရန်ကုန်မြို့ Capital Hyper Market ၌ ပြုလုပ်လျက်ရှိသော Mobile Amazing ပြပွဲတွင် ဟန်းဆက် သို့မဟုတ် အထိုင်ဖုန်း လာရောက်ဝယ်ယူအားပေးသော မိတ်ဟောင်းမိတ်သစ်တိုင်းအား လက်ဆောင်များကို ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စုံစမ်းမေးမြန်းနိုင်

အသေးစိတ်သိရှိလိုပါက ရုံးချုပ် အခန်းအမှတ် ၄၀၃ ရွှေဟင်္သာတာဝါ (A) (၆)မိုင်ခွဲ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၅၀၇၄၀၀၊၅၀၁၀၆၂ လိုင်းခွဲ (၁၂၁) တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

အစာအိမ်အတွင်း အစာချေရည်များ ထွက်ရှိမှု နည်းလာသကဲ့သို့ အူလမ်းကြောင်းနံရံရှိ ကြွက်သားများ သန်မာမှုကိုလည်း ထိခိုက်စေကြောင်း ၎င်းတို့က ပြောကြားသည်။

တွေ့ရှိ

အဝလွန်သူအမျိုးသား အမျိုးသမီး ၁၀၀၀ ခန့်အား ငါးနှစ်ကြာ သုတေသနပြုခဲ့ရာ အူမကြီးကင်ဆာဖြစ်သူ ၃၅ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရသဖြင့် အဝလွန်မှုမဖြစ်ပွားစေရန် နေထိုင်စားသောက်သင့်ကြောင်း ကနေဒါ ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။ ။

မူးယစ်ကင်းစင် အလှဆင်

● ရှေ့ဖုံးမှ

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်ရှိ မြို့မတံတားကို ၂၀၀၄ ခုနှစ် မတ်လ ၂၄ ရက်က ဖွင့်လှစ်ပေးခဲ့သည်။ မြို့မတံတား၏ ခန်းဖွင့်မှာ ပေ ၉၀ လေးခန်းနှင့် ပေ၆၀ သုံးခန်း၊ တံတားအရှည်ပေ ၅၄၀၊ ယာဉ်သွားလမ်း အကျယ် ၂၈ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် လေးပေစီ၊ တံတားအောက်ခြေကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၉၀ နှင့်အမြင့်၁၀ပေဖြစ်သည်။ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း၊ အောက်ထည် သံကူကွန်ကရစ်တိုင်၊ အုတ်မြစ်မှာ ကိုးပေအချင်းရှိ သံကူကွန်ကရစ် ရေတွင်းခွေဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ တန် ၆၀ဖြစ်သည်။

ပိုမိုတိုးတက်

မြို့မတံတားကြီးကို ဖြတ်သန်း၍ ဒေသခံ တိုင်းရင်းသား ပြည်သူများ မိမိသွားလိုရာသို့ ရာသီမရွေး၊ အချိန်မရွေး သွားလာနေကြပြီဖြစ်ကာ စီးပွားရေးလုပ်ငန်း များမှာလည်း ယခင်ကထက် ပိုမိုတိုးတက် ကောင်းမွန်နေကြပြီ ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြု ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ် (၂၈)ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၅

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၂၈)၌ နေကြတ်ခြင်းကို အိန္ဒိယကျေးရွာလေးတစ်ရွာက အကောင်းဆုံးမြင်ခွင့်ရခဲ့ပုံ အထူးသတင်းဓာတ်ပုံများနှင့်အတူ **'ဆင်ညှပ်ကုန်းရွာ ဦးတင်ဝင်း ယာထဲမှကုန်း** Myanmar Discovery၊ **'ဆရာမောင်ထင်၏ လက်ရာဟောင်း သတင်းဦး အခန်းဆက်ဝတ္ထု** Myanmar Channel ခေတ်ပေါ်နည်းပညာနှင့်ဂိမ်းများအကြောင်း လေ့လာလိုသူများအတွက် Transformers **ဂိမ်းသုံးသပ်ချက်'** Tech View ကဏ္ဍ၊ တစ်ခါသုံး ကမ်းရိုးတန်း ကတ်ဖုန်းများ သက်တမ်းတစ်လ ထပ်တိုးပေးရန် စီစဉ်၊ အယ်နီညိုနှင့် ဆက်စပ်သော သဘာဝဘေးအန္တရာယ်များ မြန်မာနိုင်ငံ မကြုံနိုင်ဟုဆို၊ ကွပ်ကွပ်အိတ်လုပ်ငန်းရှင်များအား လုပ်ငန်းပြောင်းလုပ်ရန် အချိန်ပေးပြီးပါက ရန်ကုန်တွင် ကွပ်ကွပ်အိတ်သုံးခြင်း တားမြစ်မည်၊ ပြည်တွင်းပြည်ပ လိုင်စင်နှစ်မျိုးရမည့် လေယာဉ်မောင်းသင်ကျောင်းဖွင့်မည်၊ အာဆီယံအစည်းအဝေးကျင်းပရာနေရာအနီး ဆိုင်ကယ်ပေါက်ကွဲမှုဖြစ်ပွား၊ ရောင်းသူ ဝယ်သူ နစ်နာမှုမရှိစေရဘဲ ပြည်တွင်းပြည်ပသွင်းကုန် ထုတ်ကုန်များ သက်မှတ်စံချိန်စံညွှန်း ကိုက်ညီမှုရှိမရှိ စစ်ဆေးပေးမည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ **ရိုးရိုးသားသား စီးပွားရှာကြသူများ၊ နိုင်ငံ့သားကောင်းများ မွေးဖွားသည့်နေရာ** ကဲ့သို့သော ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'အာဖဂန်နစ္စတန်မှာဖြစ်ဖြစ်၊ ပါကစ္စတန်မှာဖြစ်ဖြစ် အယ်လ်ခိုင်ဒါတွေအတွက် ခိုလှုံရာအဖြစ် ခွင့်ပြုမှာမဟုတ်ဘူး' အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် Sky News တို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ စင်ကာပူနိုင်ငံသား လီဗာပူးပရိသတ်တစ်ဦးက လီဗာပူးအသင်းအား သူ၏ဇနီးထက် ပိုချစ်ဟုဆို၊ မစ္စတာဘန်ကီမွန်းကို ဝေဖန်ပြစ်တင်မှုများမှာ နားလည်မှုလွဲမှားခြင်းသာဖြစ်ဟုဆို၊ တီရစ္ဆာန်ကာကွယ်ရေး ဥပဒေမူကြမ်း တရုတ်ပထမဆုံးရေးဆွဲ၊ ခန္ဓာကိုယ်အဆီတချို့ကို တစ်ပတ်အတွင်း လျှော့ချပေးမည့်ဆေးဝါး တီထွင်၊ အကြွေးထူနေသော အင်္ဂလန်နိုင်ငံကို IMF က အပြစ်တင်၊ ဆပ်ပြာ ပူဖောင်းပေါက်ကွဲပုံအဆင့်ဆင့်ကို ဓာတ်ပုံဆရာက လက်စွမ်းပြရိုက်ကူးပြသစသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**



တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် မွေးမြူရေးစခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဇူလိုင် ၂၃ရက် မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁)မွေးမြူရေးစခန်း၊ ပင်မငါးမွေးမြူရေးစခန်းနှင့် အမှတ်(၃) မွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့အား စခန်းတာဝန်ခံက အမှတ်(၁) မွေးမြူရေးစခန်း၌ အသားစားကြက်များ မွေးမြူထားမှုအခြေအနေ၊အကျိုးအမြတ်ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးကလိုအပ်သည်များ မှာကြားပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းစစ်ဌာနချုပ် ပင်မငါးမွေးမြူရေး စခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ခံက ငါးမွေးမြူထားမှု၊ ဥစားကြက် မွေးမြူထားမှု၊ နို့စားနွားနှင့် ဝက်မွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ မွေးမြူရေးခြံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် အမှတ်(၃) မွေးမြူရေးစခန်း၌ နို့စားနွားနှင့် ဝက်မွေးမြူထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နို့စားနွား မွေးမြူမှု

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၃) မွေးမြူရေးစခန်း၌ နို့စားနွား မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စုပေါင်းစိုက်ပျိုး

ဗန်းမော်ခရိုင် သစ်တောဦးစီးဌာနကကြီးမှူး၍ ၂၀၀၉ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ဌာနဆိုင်ရာများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများက အရိပ်ရပျိုးပင် ၁၅၀၀ကို စုပေါင်းစိုက်ပျိုးကြစဉ်။

(ခရိုင် ပြန်/ဆက်)

(၈)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

(၈)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ဆွေးနွေးပွဲ (**8th BCIM Forum on Regional Economic Cooperation**) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၂၃ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က နှုတ်ခွန်းဆက် မိန့်ခွန်းပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက်ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် မြန်မာ-ဘင်္ဂလားဒေ့ရှ် စီးပွားရေးလုပ်ငန်းမြှင့်တင်ရေးကောင်စီအဖွဲ့ဝင် Mr.Rashed Maksud Khan၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr.Gu Zhaoxi၊ အိန္ဒိယသမ္မတနိုင်ငံ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Mr. Eric Gonsalves နှင့် မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်တို့က အမှာစကား ပြောကြားကြသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်ငါးဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ် ၂၇ဦး၊ အိန္ဒိယသမ္မတနိုင်ငံမှ ကိုယ်စားလှယ်ခြောက်ဦးနှင့်မြန်မာနိုင်ငံဘက်မှဝန်ကြီးဌာနအသီးသီးနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကိုယ်စားလှယ် ၁၅ဦးတို့ တက်ရောက်ကြသည်။

ဖတ်ကြားတင်သွင်း

ဆွေးနွေးပွဲတွင် ကိုယ်စားလှယ်အဖွဲ့များက ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာတမ်း ၁၀စောင်ကို ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်သည်။

လက်မှတ်ရေးထိုး

ယင်းဆွေးနွေးပွဲကို ဇူလိုင် ၂၄ရက်အထိ ကျင်းပခဲ့ပြီး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ပူးတွဲထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ညောင်တုန်းမြို့နယ်ဥက္ကဋ္ဌဖလား မိုးရာသီအမျိုးသားအလွတ်တန်း ဘောလုံးပြိုင်

ညောင်တုန်း ဇူလိုင် ၂၅

၂၀၀၉ခုနှစ်ညောင်တုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ညောင်တုန်းမြို့နယ် အားကစားကွင်း၌ ဇူလိုင် ၉ရက်က ကျင်းပသည်။

အခိုင်အာန်ရွတ်ဆို

ကွင်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်က ကွင်းဖွင့်အမှာစကား ပြောကြားပြီး **(ယာပုံ)** ဆက်လက်၍ ပြိုင်ပွဲဝင်ဘောလုံးအသင်းများက အားကစားအခိုင်အာန်ရွတ်ဆိုကြသည်။

စတင်ယှဉ်ပြိုင်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌအား စစ်ကြောင်းပုံသဏ္ဍာန်ဖြင့် ချီတက်အလေးပြုကြပြီး ကွင်းဖွင့်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် အင်းမကျေးရွာဇုန်အသင်းနှင့် အလယ်ချောင်းကျေးရွာဇုန်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြသည်။

၂၀၀၉ခုနှစ် မြို့နယ်ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲသို့ မြို့ပေါ်ငါးသင်းနှင့် ကျေးရွာဇုန် ၁၀ သင်း စုစုပေါင်း ၁၅သင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၁၅၂)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရေစကြို၌ မြန်မာအမျိုးသမီးများနေ့ကျင်းပ

ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ဇူလိုင်၃ရက် နံနက်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်နှင့်ရပ်ကွက်အသီးသီးမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်သုံးဆား၌ အိုင်အိုဒင်းပါဝင်မှု မကွေး၌စစ်ဆေး

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပယ်ဈေး၌ မေ ၂၅ရက်က အိမ်သုံးဆားတွင် အိုင်အိုဒင်းပါဝင်မှုရှိမရှိကို ဒေသန္တရကျန်းမာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(ဈေး)ဒေါ်နီနီချိုတို့ စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။ (မြို့နယ်စည်ပင်)

ရှာငံမြို့နယ်စည်ပင် ကျောက်ချောခင်းခြင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ချယ်ရီရတနာလမ်း ကျောက်ချောခင်းခြင်းကို ဇွန် ၁၅ရက်က အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး ပညာပေးဟောပြော

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဇွန် ၂၉ရက် နံနက်က သစ်ရာမြိုင်ရပ်ကွက် အလယ်တန်းကျောင်းခန်းမ၌ကျင်းပရာ ကျွန်းလှမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဒုတိယရဲမှူးမြင့်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေမင်းမျိုးထွန်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ကုသမှုများကို ဆွေးနွေးဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

ဆင်ဘိုမြို့၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဇွန် ၈ရက် နံနက်က စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တိုးတိုးမေက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများဖတ်ကြားမှုကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ပလက်ဝ သစ်တောဦးစီးဌာန ပျိုးပင်များဖြန့်ဝေပေး

ချင်းပြည်နယ် ပလက်ဝမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ကျေးရွာပိုင်သစ်တောစိုက်ခင်းစိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲနှင့် ပျိုးပင်ဖြန့်ဝေပွဲကို ဇူလိုင် ၂ရက် နံနက် ၁၀နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကျော်စွာအုန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်သစ်တောဦးစီးအရာရှိဦးသန်းဆွေတို့က ကျေးရွာဥက္ကဋ္ဌများထံ တာဝန်ပေးအပ်လွှာနှင့် ပျိုးပင်များကို ပေးအပ်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ပခုက္ကူ အမှတ်(၁)ဈေး၌ ခြင်ဆေးဖျန်း

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁)ဈေးတွင် ဇူလိုင် ၁၄ ရက်က ခြင်ဆေးဖျန်းဆောင်ရွက်ရာ လက်ထောက်အင်ဂျင်နီယာ ဦးဇော်လင်းနိုင်နှင့် အမှုဆောင်အရာရှိ ဦးသက်ပိုင်တို့ ကြီးကြပ်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

ချမ်းမြသာစည်ရှိကျောင်းများ၌ ခြင်ဆေးဖျန်းဆောင်ရွက်

မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ကံသာယာမြို့သစ် အမှတ်(၂၁)အလကနှင့် အမှတ်(၂၃) အမကကျောင်းတို့တွင် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းကို ဇွန် ၆ရက်က ဆောင်ရွက်ကြသည်။ (၀၉၂)

တမူးမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

တမူးမြို့နယ် အလော့ကျေးရွာ သုတဝတီစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန်၆ရက် နံနက်ကကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌဦးဝေလင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ခင်နှင့် ကျေးရွာဥက္ကဋ္ဌတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းဘူး ပြန်/ဆက်၌ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းသည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မကွေးတိုင်းခရီးစဉ်တွင် ညွှန်ကြားချက်များထပ်ဆင့်ရှင်းလင်းပွဲကို ဇွန်၃၀ရက်က မင်းဘူးခရိုင်ရုံးခန်းမ၌ကျင်းပရာ မင်းဘူး(စကု)၊စလင်း၊ပွင့်ဖြူ၊ငဖဲ၊စေတုတ္တရာတို့မှ မြို့နယ်ဦးစီးမှူးများနှင့် ခရိုင်ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ဆားလင်းကြီး ပြန်/ဆက်၌ စာဖတ်ပွဲကျင်းပ

မုံရွာခရိုင် ဆားလင်းကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဇူလိုင်၁၇ရက် နံနက် ၁၀နာရီက စာဖတ်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်(၂)ဦးအောင်သီဟက ဇူလိုင် ၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင်မောင်မှတ်၏ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်လျက် လက်ကမ်းလျက်ပါ(၁)ကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင်(၃) ဦးအောင်ကိုက ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်လျက် လက်ကမ်းလျက်ပါ(၂)ကို ဖတ်ကြားပြီး စာထောက် (၃) ဦးချိုချိုအောင်က အဆိုပါ ဆောင်းပါးကို ခြုံငုံသုံးသပ် ဆွေးနွေးပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွင့်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း

အလှပန်းမျိုးစုံစိုက်ပျိုးရေးခြံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၅

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ အလှပန်းမျိုးစုံစိုက်ပျိုးရေးခြံ၌ ရေမွှေးလီလီ၊ နေကြာပန်း၊ နှင်းဆီပန်းများ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားကြသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ထုံးဘိုရှိ မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့်ဝက်မွေးမြူရေးခြံသို့ရောက်ရှိပြီး တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့်ရောဂါများ ဖြစ်ပွားမှုမရှိအောင် ဂရုစိုက်ရန်နှင့် လျာထားချက်များပြည့်မီကျော်လွန်အောင် မွေးမြူထုတ်လုပ်သွားရန် မှာကြားသည်။

တိုးချဲ့ဆောင်ရွက်

ထုံးဘိုဝက်မွေးမြူရေးခြံသည် မျိုးဝက်နှင့်အသားတိုးဝက်နှစ်မျိုး ကောင်ရေ ၂၅၀၀ ကျော် မွေးမြူထားပြီး တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကန်အလှ စစ်ဆေး

မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပြည်သူ့ပန်းခြံအတွင်း ရေကန်နှင့် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပါဝါနန်းတော် နာရီအရောင်းဆိုင်မှ ပစ္စည်းခိုးယူသူ တရားခံအား

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် သိမ်ဖြူလမ်း အမှတ် ၄၂၄ ၌ ဖွင့်လှစ်ထားသည့် ပါဝါနန်းတော် နာရီအရောင်းဆိုင်မှ တန်ဖိုးငွေကျပ် ၁၂၁ သိန်းကျော် ခိုးယူသည့်တရားခံအား ပြည်သူများ၏ သတင်းပေးကူညီမှုဖြင့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ ဇူလိုင်၂၂ရက်က သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီခွဲတွင် ပါဝါနန်းတော် နာရီအရောင်းဆိုင်ပိုင်ရှင် ဒေါ်ခင်မာဆွေသည် နာရီအရောင်းဆိုင်သို့ ရောက်ရှိလာရာ ဆိုင်နောက်ဖေးတံခါးပွင့်နေပြီး ဆိုင်အတွင်း ထားရှိသော ငွေကျပ်သိန်း ၆၀၊ ဒီဂျစ်တယ်ကင်မရာ၊ နာရီ၊ မီးစက်သုံးဆားကစ်ပြား စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၁၈၀၀၀၀ မှာ ပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖမ်းဆီးရမိ

ထို့ကြောင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ပြည်သူများ၏သတင်းပေး အကူအညီကိုရယူပြီး စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ မြင့်အောင်(ခ)ဝီဗျေး (၂၅)နှစ် အမှတ်(၇၀)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေသူအား လှော်ကားလမ်းရှိ ဗစ်တိုရီးယား စားသောက်ဆိုင်၌ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်သိမ်းဆည်း

ဖမ်းဆီးရမိသူ မြင့်အောင် (ခ)ဝီဗျေးအားစစ်မေးရာ ပါဝါနန်းတော်နာရီအရောင်းဆိုင်မှ ငွေနှင့်ပစ္စည်းများ ခိုးယူခဲ့ကြောင်း ဝန်ခံပြီး ၄င်းထံမှ ငွေ၊ ဒီဂျစ်တယ်ကင်မရာသုံးလုံး၊ တယ်လီဖုန်းဟန်းဆက်တစ်လုံး၊ နာရီသုံးလုံး၊ ခိုးယူရရှိသောငွေဖြင့် ဝယ်ယူထားသည့် တီဗွီနှင့်အီးဗွီဒီအောက်စက်တစ်စုံ၊ ရွှေဆွဲကြိုးနှစ်ကုံး စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း၅၀ခန့်အားပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ကျန်သက်သေခံပစ္စည်းများကို ဆက်လက်သိမ်းဆည်းဆဲဖြစ်ကြောင်း သိရသည်။

ပညာပေး

ပြစ်မှုကျူးလွန်သူမှ ယခုကဲ့သို့ခိုးယူနိုင်ခဲ့ခြင်းမှာ အဖိုးတန်ပစ္စည်းနှင့် ငွေကြေးများရှိသော ဆိုင်ခန်း၌ အစောင့်မရှိခြင်း၊ နောက်ဖေးပေါက်၌ တပ်ဆင်ထားသော သစ်သားတံခါးနှင့် သံဘာဂျာတံခါးများမှာ ခိုင်ခံ့မှု အားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပြီး အလားတူခိုးမှုများ ထပ်မံမဖြစ်ပွားရေးအတွက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ ပြည်သူများသို့ မှုခင်းအသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းအဖြစ် ဇွန်၂၇ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးကြီးလမ်းတွင် ရုံးဝန်ထမ်းများ အရိပ်ရပင် စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ဝ၂၁)

ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်း

ကောလင်း ဇူလိုင် ၂၅

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ကျေးလက်စာပေပြန့်ပွားရေးနှင့် ဖွင့်လှစ်ထားသော ကျေးရွာ ၂၁၀မှ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စာအုပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ရက်က အဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

စာအုပ်လှူဒါန်းပွဲတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က စာအုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးမြို့ ၂၉လမ်း၊ ၈၁×၈၂လမ်းကြား မီးသတ်တိုက်တန်း ဒုတိယထပ်နေ ဦးထွန်းအောင်ကျော်၊ ဒေါ်ခင်ငွေမိသားစုက ငွေကျပ်၁၅၀၀၀၀တန်ဖိုးရှိ ဂျာနယ်စုံ ၂၁၈စောင်၊ သုတရသ ၁၆အုပ်တို့ကို မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင် ဦးနေဦး(အမျိုးသားစာပေဆုရ ကိုနေ-ကောလင်း)သို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အလှူရှင်က ကောလင်းမြို့နယ် စာကြည့်တိုက်များသို့ ရှစ်ကြိမ်မြောက်အထိ ငွေကျပ်သိန်း ၂၀ခန့်ရှိ စာအုပ်များကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ (ဝ၃၂)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု မိုးရာသီသစ်ပင်စိုက်ပွဲ အုတ်ဖို၌ကျင်းပ

အုတ်ဖို ဇူလိုင် ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက် ၇နာရီက အုတ်ဖို-သင်မန်းကုန်းလမ်းသစ်၌ ကျင်းပသည်။

တက်ရောက်စိုက်ပျိုး

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်းအင်အား ၇၇၄ဦး တက်ရောက်စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြီး ကျွန်း၊ အော်ရေးရှာ၊ မဲဇလီ၊ ယူကလစ်စသည့် စုစုပေါင်းအပင် ၂၀၀၀ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပ

ကျိုက်မရော ဇူလိုင် ၂၅

ကျိုက်မရော မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၄ရက်က ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီအနီးရှိ မွန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးရဲမြင့်က အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး**(အပေါ်ပုံ)** နာယက ဦးစိုးမြင့်က လှူဒါန်းပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရေစက်သွန်းချ

ဆက်လက်၍ နာယကများ၊ အလုပ်အမှုဆောင်များ၊ အသင်းသားအသင်းသူများနှင့် အလှူရှင်များက စုပေါင်းကုသိုလ်ပြုလှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အသင်းသား အသင်းသူများအား နေ့လယ်စာဖြင့် တည်ခင်းခဲ့သည်။ **(မြို့နယ်အသင်း)**

ဘိုကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ အောင်ဩဘာ ၁၈လမ်းတစ်လျှောက် သာယာလှပရေးအတွက် မြေယာရှုခင်းအလှ ပြုပြင်ခြင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲ သံဖြူဇရပ်၌ကျင်းပ

သံဖြူဇရပ် ဇူလိုင် ၂၅

ပြည်တွင်းအခွန်များဦးစီးဌာန မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးနှင့် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် အခွန်ဦးစီးဌာနတို့ စီစဉ်မှုဖြင့် အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၃ရက် နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မော်လမြိုင်ခရိုင် အခွန်ဦးစီးဌာနမှူး ဦးလှမြင့်**(ယာအောက်ပုံ)**၊ သံဖြူဇရပ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဇော်ဇော်ထွေး၊ တွဲဖက်မြို့နယ်အခွန်ဦးစီးမှူး ဦးဘငြိမ်း တို့က အခွန်ထမ်းဆောင်ခြင်းဆိုင်ရာ လုပ်ငန်းရပ်များကို ပညာပေး ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲတက်ရောက်သူ ပြည်သူများက ပြန်လည်မေးမြန်းမှုများကို မော်လမြိုင်ခရိုင် အခွန်ဦးစီးမှူး ဦးလှမြင့်နှင့် သံဖြူဇရပ်မြို့နယ် ဦးစီးမှူး ဦးဇော်ဇော်ထွေးတို့က ပြန်လည်ရှင်းလင်းခဲ့သည်။

ဆွေးနွေး

ထို့အပြင် ယင်းနေ့ မွန်းလွဲပိုင်း၌လည်း သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ မြို့လယ်ဓမ္မာရုံ၌ ကျိုက္ခမီမြို့ရှိ အခွန်ထမ်းပြည်သူ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ ပညာပေး ဆွေးနွေးခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

သဲကုန်းမြို့မဈေး သန့်ရှင်းရေးဆောင်ရွက်

သဲကုန်း ဇူလိုင် ၂၅

သဲကုန်းမြို့မဈေး အတွင်းအပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းကို ဇူလိုင် ၄ရက်က ဈေးသူဈေးသားများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

သတိအစဉ် အသိယှဉ်၍

ကိုသာယာ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီး အတည်ပြုပြီးတော့ ၂၀၁၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲကြီး ကျင်းပပေးတော့မယ်ဆိုတာ သိရတဲ့အခါမှာ ကျွန်တော်တို့လိုချင်တဲ့ ပြည်သူတစ်ရပ်လုံး တောင့်တနေတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ရောက်ခါနီးပြီဆိုတဲ့ မျှော်လင့်ချက်နဲ့ သာယာလှပတဲ့ အနာဂတ်ကိုတွေးပြီး ကျေနပ်မိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း သေသေချာချာလေ့လာချင်လို့ ဖတ်ဖြစ်ပါတယ်။ အခေါက်ခေါက်အခါခါ ဖတ်တယ်။ **ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့သမိုင်းရဲ့ ဆိုးရွားတဲ့ အတွေ့အကြုံမျိုး ထပ်မံမခံစားရအောင်နဲ့ အစကောင်းတဲ့ဒီမိုကရေစီလမ်းကြောင်းကိုဖော်နိုင်မယ့် အနေအထားကောင်းကိုတွေ့ရတယ်။ ရင့်ကျက်တဲ့ပါတီစုံကို မရောက်မီ၊ ပြည်သူတွေ ဒီမိုကရေစီအတွေးအခေါ် အတွေ့အကြုံတွေ အပြည့်အဝမရသေးမီ ဒီမိုကရေစီ လေ့ကျင့်ပျိုးထောင်ရေး ကာလနဲ့ ကိုက်ညီတဲ့ အထိန်းအကွပ်ကလေးတွေနဲ့ဆိုတော့ ဒါဟာ မိမိတို့နိုင်ငံနဲ့ လူမျိုးအတွက် ဒီမိုကရေစီဖော်ဆောင်ရေးရဲ့ ရှေ့ဆောင်လမ်းပြဖြစ်လိမ့်မယ်ဆိုတာ ယုံကြည်တယ်။ ဒါကြောင့်လည်း အခြေခံဥပဒေကို အတည်ပြုဖို့ ထောက်ခံခဲ့တယ်။ ပြည်သူတစ်ရပ်လုံးကလည်း ဆန္ဒတူခဲ့ကြတယ်။**

ပြီးတော့ ၂၀၁၀ ရွေးကောက်ပွဲကို တစ်ဆင့်တက်မယ်ဆိုတော့ ပန်းတိုင်က နီးနေပြီလေ။ ဘယ်အရာမဆို အားလုံးရဲ့ ရာနှုန်းပြည့် အကြိုက်တော့ ဖြစ်မလာနိုင်ဘူး။ သို့သော် အများစုအကြိုက်ကိုတော့ ဆန့်ကျင်သူများကလည်း လက်ခံနိုင်ရမယ်။ ဒါဟာ ဒီမိုကရေစီရဲ့ အခြေခံသဘောပဲ။ ဒီသဘောအရ ကြည့်ရင် ပြည်သူလူထုအားလုံးနီးပါးက ဖွဲ့စည်းပုံအခြေခံဥပဒေကို နှစ်သက်ယုံကြည်ပြီး ၂၀၁၀ ရွေးကောက်ပွဲကို လိုလားတောင့်တတာ အမှန်ပဲ။ အဲဒီအတွက် သက်သေက ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဆိုတာပဲလေ။

ဒါပေမယ့် နိုင်ငံနဲ့ တိုင်းရင်းသား ပြည်သူလူထုအတွက် ဘယ်လောက်ပဲကောင်းကောင်း၊ မည်မျှပင်အကျိုးရှိနိုင်ရှိနိုင်၊ ကိုယ်ဖြစ်ချင်သလို ဖြစ်မလာနိုင်တော့မှာကို သိလာတဲ့ ကိုယ်ကျိုးရှာ အတ္တသမားတွေကတော့ အမှန်တရားကို စဉ်းစားဝေခွဲခြင်း မပြုနိုင်သေးဘဲ လမ်းဟောင်းထဲမှာပဲ တဝဲလည်လည် နောက်ပြန်လျှောက်နေကြဆဲပါပဲ။ သူတို့ အားနည်းချက်က ကောင်းတာကို မြင်အောင်မကြည့်နိုင်တာ၊ သင့်တာကို ရွေးချယ်မစဉ်းစားတတ်တာ၊ လက်ခံသင့်တာကို တွေးတောချင့်ချိန်ပြီး လက်မခံနိုင်တာ၊ ဖြစ်သင့်တာကို ဖြစ်အောင်မလုပ်ချင်တာပဲ။

ဆေးလိပ် သိပ်သောက်ချင်နေတဲ့လူ၊ လက်ထဲမှာ ဘာမှမရှိသေးဘူး မီးခြစ်ကလေး လာပေးတယ်၊ ယူထားမယ်၊ နောက်တစ်ယောက်က ဖက်ကြမ်းလာပေးတယ်၊ ရှိပြီးသား မီးခြစ်ကလေးခြစ်ပြီး ဖွာလိုက်၊ အိုကေပဲ။ ဒီထက် အခြေအနေပေးလာရင် စီးကရက်ကို ညှိသောက်လိုက်မယ်၊ ဘယ်လောက်ဇိမ်ရှိမလဲ။ အဲဒီလိုမဟုတ်ဘဲ စပေးတုန်းက မီးခြစ်ယူမထားမိရင် ဆေးလိပ်လာပေးတဲ့သူရှိပေမယ့် ကိုယ့်အာသီသ ဘယ်ပြေနိုင်ပါတော့မလဲ။ သဘောကတော့ ရတာကို ရတုန်းယူထား၊ အသုံးတည့်အောင် ချင့်ချင့်ချိန်ချိန် သုံးသွား၊ နောက်ထပ်ရလာမှာနဲ့ ပေါင်းရင် နောက်ဆုံး ကိုယ်လိုချင်တာဖြစ်ပြီပေါ့။ အခု ဖွင့်ပေးထားတဲ့ လမ်းနဲ့ သွားသင့်တဲ့နည်းကလည်း ဒီလိုပဲဖြစ်မယ်ထင်တယ်။

ဒီသဘောပါပဲ။ ဒီမိုကရေစီ ရင့်ကျက်ပြီးသားနိုင်ငံကြီးတွေလို အဖြစ်မျိုး ချက်ချင်း ဝုန်းခနဲ ဒိုင်းခနဲရောက်ဖို့ မစဉ်းစားသင့်ဘူး၊ ဖြစ်လည်း မဖြစ်နိုင်ဘူး။ ဒါဟာ စိတ်ကူးယဉ်တာပဲဖြစ်မယ်၊ အိပ်မက်ပဲဖြစ်မယ် လက်တွေ့မဆန်ဘူး။ အဲဒီနိုင်ငံကြီးတွေလည်း ခုလိုဖြစ်လာအောင် ဒီမိုကရေစီ စခါစက နိုင်သလောက်နဲ့ စခဲ့ကြတာပဲ၊ စစချင်း အပြည့်အဝ ဒီမိုကရေစီဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ အဲဒီလို စခဲ့ရင်လည်း အရှိတရားကို အခြေခံထားတာမဟုတ်လို့ ကြာရှည်ခံမှာ မဟုတ်ဘူး၊ ချက်ချင်း ပျက်စီးသွားမှာပဲ။

ဒါကြောင့် **ဒီမိုကရေစီခရီးကိုသွားရင် အခြေခံကောင်းဖို့ လိုပါလိမ့်မယ်။ အစကောင်းမှ အနှောင်းသေချာလိမ့်မယ်။ ဒီလိုမဟုတ်ဘဲ ကိုယ်ဖြစ်စေချင်သလို၊ မိုးကျရွှေကိုယ်လို ဒီမိုကရေစီကို ဖွတ်အတင်း ဖန်တီးယူမယ်ဆိုရင် ဖြစ်လာမယ့်နောက်ဆက်တွဲပြဿနာတွေက အများကြီး။ အခုတောင်မှ မတရားသဖြင့် အတင်းဓမ္မ သူတို့လိုချင်တာဖြစ်အောင် နည်းမျိုးစုံစွက်ဖက် နှောင့်ယှက်အနိုင်ကျင့်နေသေးတာ။ အဲဒီလို ချက်ချင်း အပြည့်ဖွင့်ပေးတဲ့ ဒီမိုကရေစီကို ဝုန်းခနဲ ပြောင်းကြည့်ပါလား။ သနားစရာကောင်းလိုက်တာလို့ စုတ်ကလေး တသပ်သပ်နဲ့ ဝင်ပူးသတ်လိုက်မယ့် ဖြစ်ခြင်း။ အရင်းပါ ဆုံးသွားပါလိမ့်မယ်။ သတိထားစရာ အလွန်ကောင်းပါတယ်။ အသိတရားရှိဖို့ အလွန်လိုအပ်ပါတယ်။**

ခုလည်း လုပ်နေကြတယ်၊ တောင်းဆိုနေကြတယ်။ ပြဿနာစတာက ဒေါ်အောင်ဆန်းစုကြည် အိမ်ထဲကို Yettaw ဝင်တာက စတာပဲ။ ဒီလိုလုပ်ရင်၊ ဒီလိုဖမ်းမိရင် ဒီပြဿနာဖြစ်မယ်ဆိုတာသိလျက်နဲ့ အဲဒီအတိုင်း မဖြစ်ဖြစ်အောင် လုပ်တာပဲ။ ဒီတော့ တရားဥပဒေအရ လုပ်လာရပြီ။ ဇာတ်နာအောင်လုပ်တာလေ။ ဒါမှ အော်လို့ဟစ်လို့ကောင်းပြီး သူတို့ အားကိုးတဲ့ သူတွေကိုလည်း ပိုအားကိုးလို့ကောင်းတာပေါ့။ အဲဒီ သူတို့ အားကိုးတဲ့သူတွေ ကိုယ်တိုင်ကလည်း ဆိုင်ရာဆိုင်ရာနဲ့ အညာကိုင်ပြီး တွယ်စေချင်တဲ့သဘောပါပဲ။ ဒီအကွက်က ဒက်ထိဝင်တာပဲ။ ကြည့်လေ သူမကို ထောင်မချပါနဲ့၊ အရေးမယူပါနဲ့၊ အားလုံးကို အကြွင်းမဲ့လွှတ်ပေးပါ၊ တွေ့ဆုံဆွေးနွေးရေးလုပ်ပါ၊ အခြေခံဥပဒေကို ပြင်ပေးပါ၊ အားလုံးပါဝင်နိုင်တဲ့ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ပါစေ၊ ဒေါ်အောင်ဆန်းစုကြည် မပါရင် ဒီရွေးကောက်ပွဲဟာ တရားမဝင်ပါ စသည်ဖြင့် ကိုယ်တိုင်လည်း အော်၊ သူများလည်း အော်ခိုင်းလုပ်နေကြတာ။ သူတို့ ဘာပြုလို့ ဒီတစ်ယောက်ကို လွှတ်ပေးဖို့၊ မဖြစ်မနေရွေးကောက်ပွဲ ပါဝင်စေဖို့ လုပ်နေတာလဲ။ ရှင်းပါတယ်။ သူတို့ရဲ့ ဩဇာခံမယ့်သူမို့ပါပဲ။ သူ အနိုင်ရမှ သူ နိုင်ငံခေါင်းဆောင်ဖြစ်မှ သူတို့ကြိုက်သလို ကျွန်တော်တို့နိုင်ငံကို ကြိုးကိုင်ခြယ်လှယ်နိုင်မှာ၊ ဒေသတွင်းကို စိုးမိုးခြောက်လှန့်နိုင်မှာ။ ဒီလိုရအောင်လည်း တစ်ဦးတစ်ယောက်နဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေကို ချီးမြှင့်၊ ပေးကမ်း၊ ထောက်ပံ့ကူညီထားရတဲ့ အရင်းအနှီးက မနည်းတော့ဘူး။ ဒီလိုလုပ်နေတာတွေကို ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့ တိုင်းပြည်အတွက် သင့်မသင့်၊ အန္တရာယ်ရှိ မရှိ စဉ်းစားပြီး အသိတရား ရှိကြဖို့လိုတယ်လို့၊ သတိပြုကြပါလို့ တိုက်တွန်းချင်တယ်။

တကယ်တော့ သူတို့အားကိုးတာ မှားနေတယ်ထင်တယ်။ စဉ်းစဉ်းစားစား အားကိုးသင့်တယ်၊ စဉ်းစဉ်းစားစား တောင်းဆိုသင့်တယ်။ နောက်တစ်ခုက အဲဒီဆရာကြီးတွေရဲ့အထာကိုလည်း မသိကြဘူးလား မေးချင်တယ်။ ကိုယ်တိုင် မသေဖူးပေမယ့် သူများသေတာနဲ့တင် ပျဉ်ဖိုးနားလည်မှ အတွေးအခေါ်ရှိတဲ့သူ၊ အတွေးအခေါ်ရှိတဲ့ အသိုင်းအဝိုင်းဖြစ်မှာပေါ့။ သနားလို့ဝင်ကူတာပါလို့ လုပ်ခဲ့တဲ့ အီရတ်နဲ့ အာဖဂန်ကိုကြည့်။ အဲဒီက ပြည်သူတွေ လုံးဝမြေစာပင်ဖြစ်နေပြီလေ။ ပြောင်သလင်းခါနေပြီ။ အထောက်အထားမရှိဘဲ စွတ်ပြောတာမဟုတ်ဘူး။ အီရတ်မှာ အပြစ်မဲ့ပြည်သူတွေ သေတာ ခုနစ်သိန်းနား ကပ်နေပြီ။ အပြင်းအထန်ဒဏ်ရာရတဲ့ ပြည်သူလူထုက ၁၂ သိန်းကျော်ပြီ။ အိုးမဲ့အိမ်မဲ့ပြည်သူက သုံးသန်းလောက်။ ပြီးတော့ ပြည်ပကို ဒုက္ခသည်အဖြစ် ပြေးရတာ နှစ်သန်းလောက်ရှိပြီ။

အမေရိကန်နဲ့ အပေါင်းပါတပ်ဖွဲ့တွေ အီရတ်ကို စတင်ကျူးကျော်ဝင်ရောက်ပြီးကတည်းက ဒီနေ့အထိ အီရတ်မှာ ဗုံးမပေါက်တဲ့နေ့၊ ပစ်ခတ်မှုမဖြစ်တဲ့နေ့ တစ်ရက်မှမရှိသလောက်ပဲ။ လူ ၃၀/၄၀ မသေတဲ့နေ့ မရှိသလောက်ပဲ။ အဲဒီလိုပဲ အာဖဂန်နစ္စတန်မှာ ဒီနေ့အထိ အပြစ်မဲ့ပြည်သူလူထု ၈၀၀၀ ကျော် သေပြီး ၁၆၀၀၀ ကျော် အပြင်းအထန် ထိခိုက်ဒဏ်ရာရနေကြပြီ၊ ဒါက အပြစ်မဲ့ပြည်သူတွေ သေကျေ၊ ဒဏ်ရာရတာကိုပဲ ထောက်ပြတာနော်။ အဲဒီနိုင်ငံတွေမှာ ပျက်စီးကုန်တဲ့ လူနေအိမ်ရာ၊ တိုက်တာအဆောက်အအုံ၊ လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ စီးပွားရေးအဆောက်အအုံတွေ အများကြီးပဲ။ ကျူးကျော်မှုမခံရခင်က ရှိပြီးသား ဖွံ့ဖြိုးတိုးတက်မှုမျိုး ပြန်ရောက်ဖို့ စဉ်းစားလို့တောင် မရနိုင်သေးဘူး။ ဒီလိုအပြစ်မဲ့ ကမ္ဘာ့ပြည်သူတွေ ဒုက္ခရောက်အောင်လုပ်တာ ဘယ်သူလဲ၊ အဖြေက ရှင်းနေတာပဲ။ အဲဒီလိုလုပ်တဲ့လူ၊ လုပ်တဲ့နိုင်ငံတွေကိုမှ အားကိုးပြီး၊ သူ့အချိုးအတိုင်းလိုက် ကလို့ကတော့ ကိုယ့်တိုင်းပြည်ကို ကိုယ်ဖျက်သလိုဖြစ်တော့မှာပေါ့။ စဉ်းစဉ်းစားစား အားကိုးကြပါ။ အားကိုးမှားရင် ခါးကျိုးသွားမယ်။

ဒီနေ့ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားတွေနဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေ၊ ပြည်ပအင်အားကြီးနိုင်ငံတချို့လုပ်နေတာတွေရဲ့ ဦးတည်ချက်က ဘာလဲဆိုရင် ပြည်တွင်းမှာ တည်ငြိမ်အေးချမ်းနေလို့မဖြစ်ဘူး၊ ဆူဆူပူပူကို ဖြစ်နေရမယ်။ ဖွံ့ဖြိုးတိုးတက်နေလို့ မဖြစ်ဘူး၊ ဆင်းရဲမွဲတေဖွတ်ကျောပြာစုဖြစ်နေရမယ်။ ဘာကြောင့်လဲဆိုတော့ အေးဆေးတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်နေရင် ဒီမိုကရေစီစနစ်က တကယ်ဖြစ်တော့မှာ၊ ကိုယ့်လွတ်လပ်မှု အချုပ်အခြာအာဏာနဲ့ ကိုယ်ဆက်သွားတော့မှာ။ ဘယ်သူမှ ဝင်စွက်ဖက်ခြယ်လှယ်လို့ မရနိုင်တော့ဘူးဆိုတဲ့ အချက်တွေပါပဲ။ ဒါဟာ သူတို့ရဲ့ဦးတည်ချက်ပါပဲ။

ဒါကြောင့် ပြည်သူလူထု စည်းလုံးညီညွတ်နေတာ၊ တိုင်းပြည်အေးချမ်းနေတာ၊ ဖွံ့ဖြိုးတိုးတက်နေတာ၊ ကောင်းတဲ့လမ်းကို သွားနေတာ၊ အောင်မြင်နေတာကို မဖြစ်ချင်၊ မမြင်ချင်ဘဲ ဆူပူအုံကြွမှုဖြစ်လာအောင် ဖန်တီးနေကြတာပဲ။ အဘက်ဘက်က ဝိုင်းပိတ်ဆို့နေကြတာပဲ။ အဲဒီလိုဖြစ်အောင်၊ ဇာတ်နာအောင်ပြပြီး ပြည်သူလူထုကို သွေးထိုးလှုံ့ဆော်ပြီး လမ်းပေါ်ရောက်အောင် ဆွဲခေါ်နေကြတာပဲ။ အဲဒီလိုဖြစ်မှ ဘယ်သူက ထောက်ခံလို့၊ ဘယ်ဝါက တောင်းဆိုလို့ စသည်ဖြင့်ပဲဖြစ်ဖြစ်၊ ဘယ်သူ သဘောတူတူ မတူတူ အီရတ်ကိုလုပ်သလို ဝင်လုပ်မှာပဲ။ အဲဒီကျမှ သိရင်တော့ သွားပြီ။ တိုင်းပြည်ချောက်ထဲကျပြီး အားလုံးပျက်စီးပြီသာမှတ်။ အီရတ်ကို ဝင်တိုက်ခဲ့တဲ့သူတွေ ဘယ်အဖွဲ့အစည်းရဲ့ သဘောတူထောက်ခံချက်ကို ယူခဲ့ကြလဲ။ ဆိုင်ရာဆိုင်ရာခွင့်ပြုချက်နဲ့ ကျူးကျော်ခဲ့တာလား။ တကယ်တော့ အေးချမ်းသာယာနေတဲ့ကမ္ဘာကြီးကို ဖျက်ဆီးနေတာ ဘယ်သူတွေလဲ။ ဒါလောက် လူတွေသေနေရတဲ့ လက်သည်တရားခံက ဘယ်သူလဲ။ ဒါတွေကျတော့ မသိသလိုနဲ့ တရားဝင်လိုလို ခွင့်ပြုနေပြီး ကိုယ့်ပြည်တွင်းရေးကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ အေးအေးချမ်းချမ်း အကောင်အထည်ဖော်နေတဲ့ နိုင်ငံလေးတွေကျတော့ မတရားသဖြင့် ဝင်ရောက်စွက်ဖက် ကျူးကျော်ချင်တယ်။ ဒါပေမယ့် တကယ်လုပ်နေတာကျတော့ ကြီးနိုင်ငယ်ညှဉ်းပါပဲ။

ဒီရက်ပိုင်းအတွင်း ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေမှာလုပ်တဲ့ အာဆီယံ အစည်းအဝေးမှာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကို သတင်းထောက်တစ်ဦးက တကယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မပေးရင် မြန်မာအစိုးရကို အာဆီယံကနေ ထုတ်ပစ်သင့်သလားလို့ မေးတဲ့အခါ ကလင်တန်က အဲဒီလို လွှတ်မပေးဘူးဆိုရင် အာဆီယံအနေနဲ့ သင့်လျော်တဲ့ ပေါ်လစီအပြောင်းအလဲ လုပ်သင့်ကြောင်း ပြောခဲ့ပါတယ်။ ဆက်လက်ပြီး လွှတ်ပေးခဲ့မယ်ဆိုရင်တော့ မြန်မာနိုင်ငံမှာ အမေရိကန်ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေဝင်ရောက်ဖို့ လမ်းစဖြစ်နိုင်ကြောင်း ပြောခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် အာဆီယံနိုင်ငံများအနေနဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေး တိုးတက်မှုရအောင် ဒီ့ထက်ပိုပြီး ဝိုင်းဝန်းဖိအားပေးသင့်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။ တကယ်တော့ ဒါဟာ အာဆီယံရဲ့ အတွင်းရေးကို ဝင်ရောက်စွက်ဖက်ရာ ရောက်နေပါတယ်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ပြောသလိုသာ လိုက်နာ လုပ်ဆောင်မယ်ဆိုရင် အာဆီယံဟာ အမေရိကန်ရဲ့ ဩဇာခံအနေအထားကို ရောက်သွားပါလိမ့်မယ်။ ဒါဟာ အာဆီယံကို သွေးတိုးစမ်းတာဖြစ်သလို သူတို့ခါးပိုက်ထဲ ထည့်ဖို့ အစပျိုးလာတာလည်း ဖြစ်နိုင်ပါတယ်။

ဒါကလည်း သိပ်တော့ အထူးအဆန်းမဟုတ်ဘူး။ အာဆီယံအဖွဲ့ လောက်တော့ သူ့ဩဇာညောင်းအောင်လုပ်တာ ဘာဆန်းသလဲ။ အာဆီယံထက် ကြီးတာကြီးတောင် သူခြယ်လှယ်နေတာပဲ မဟုတ်လား။ ဒါကို ဘယ်တာဝန်ရှိတဲ့ သူတွေက ဘာပြောကြလို့လဲ။ ကျွန်တော်တို့နိုင်ငံအပေါ် ဘာလုပ်ပါ၊ ညာလုပ်ပါ၊ ဘာမှမလုပ်ရင် ဘာမှမဖြစ်ဘူး၊ ဘယ်လိုလုပ်မှ ဘာဖြစ်မယ် စသဖြင့် ပြောနေကြတဲ့လူတွေ အဲဒီ အမေရိကန်လုပ်နေတာကို ဘာလို့ ငြိမ်နေတာလဲ။ ဒါ့အပြင် ဒေသတွင်းစည်းလုံးညီညွတ်မှုမရှိအောင်၊ နိုင်ငံအချင်းချင်း ပြဿနာဖြစ်နေအောင် ဖန်တီးနေတာပါ။ အာဆီယံမှာ ဒေသတွင်းအန္တရာယ်ဖြစ်အောင် လုပ်နေတာ ဘယ်နိုင်ငံမှမရှိဘူး။ ကိုယ့်ပြည်တွင်းရေးကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှင်းနေတာပဲ။ တစ်ခါတစ်ရံ ဖြစ်လေ့ဖြစ်ထရှိတဲ့ နယ်စပ်ဒေသကိစ္စလေးတွေလည်း အချိန်တိုအတွင်း အေးအေးဆေးဆေးနဲ့ ပြီးသွားတာပါပဲ။ ဘယ်နိုင်ငံမှ ဒေသတွင်းအန္တရာယ် မပေးဘူး။ ဒေသတွင်းသာမက တစ်ကမ္ဘာလုံးအနှံ့ ခြိမ်းခြောက်နေတာ ဘယ်သူလဲ။ အီရတ်နဲ့အာဖဂန်က လတ်တလော သက်သေပဲ။ ကျွန်တော်တို့ အာရှထဲမှာ အမေရိကန်က စစ်စခန်းချထားတာတွေကမှ တကယ့်ဒေသတွင်း အန္တရာယ်အစစ်ပါ။ ဒေသတွင်းသာမက ကမ္ဘာတစ်ခုလုံး လုံခြုံရေးကိုပါ ခြိမ်းခြောက်နေတာ သူတို့ပါပဲ။

အဲဒီလိုမဖြစ်အောင် **လက်ရှိတပ်မတော်အစိုးရက သူ့တာဝန်ယူကတိပေးထားတဲ့အတိုင်း နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဆီကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အန္တရာယ်ကင်းကင်း ရောက်အောင် သွားနေပါတယ်။ ဒါကို ကြည့်ပြီး ဩော်-သူတို့ကောင်းအောင် လုပ်ပေးနေတာပါလားဆိုတာ ထည့်**

လက်ရှိတပ်မတော်အစိုးရက သူ့တာဝန်ယူ ကတိပေးထားတဲ့အတိုင်း နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဆီကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အန္တရာယ်ကင်းကင်း ရောက်အောင်သွားနေပါတယ်။ ဒါကိုကြည့်ပြီး ဩော်-သူတို့ ကောင်းအောင် လုပ်ပေးနေတာပါလားဆိုတာ ထည့်စဉ်းစားလိုက်ရင် ကောင်းမယ်။ လက်ရှိအစိုးရလုပ်တာမှန်သမျှ ကောင်းကောင်းဆိုးဆိုး ဆန့်ကျင်မှာပဲဆိုတဲ့ ဆေးခါးကြီးကို စွန့်လွှတ်သင့်ပြီ။ ဘာလုပ်နေသလဲ၊ ဘာကိုရည်ရွယ်ပြီး လုပ်နေတာလဲဆိုတာ တွေးကြည့်သင့်ပါပြီ။

စည်းလုံးညီညွ
တစ်ခုကတော့ ဖယ
ခွဲဖို့ရည်ရွယ်ပြီး ဖ
ကြတယ်။ တိုင်းရ
ကြတယ်၊ ကျွန်တေ
နည်းနည်း၊ တိုင်းရ
ဖယ်ဒရယ် စခွဲလို့
ပြိုကွဲပြီး အားလုံး
ဖြစ်ခဲ့တဲ့ နိုင်ငံကြီ
ဒါကြောင့် ဖယ်ဒ
မျိုးစေ့ပါနေတယ်ခ

စည်းလုံးညီညွတ်မှု ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်နည်း တစ်ခုကတော့ ဖယ်ဒရယ်မှုပဲ။ နိုင်ငံကို အစိတ်စိတ်အမြွှာမြွှာ ခွဲဖို့ရည်ရွယ်ပြီး ဖယ်ဒရယ်ကို အသက်သွင်းဖို့ ကြိုးပမ်းနေကြတယ်။ တိုင်းရင်းသားတွေအကြားမှာ မြှောက်ပင့်ပေးနေကြတယ်။ ကျွန်တော်တို့ နိုင်ငံက သေးသေးလေး၊ လူအင်အားက နည်းနည်း၊ တိုင်းရင်းသားလူမျိုးပေါင်းက တစ်ရာကျော်၊ ဒါကို ဖယ်ဒရယ် စခဲ့လို့ကတော့ ဝါးအစည်းပြေသလို ပရမ်းပတာ ပြိုကွဲပြီး အားလုံး ကျားစာဖြစ်သွားမှာ မယုံမရှိနဲ့။ ရှေ့က ဖြစ်ခဲ့တဲ့ နိုင်ငံကြီးတွေ ပြိုကွဲတာ ငြင်းမရတဲ့ သာဓကပဲ။ ဒါကြောင့် ဖယ်ဒရယ်ဟာ ပြည်ထောင်စုကို ပြိုကွဲစေမယ့် မျိုးစေ့ပါနေတယ်ဆိုတာ သတိထားရပါမယ်။

စဉ်းစားလိုက်ရင် ကောင်းမယ်။ လက်ရှိအစိုးရလုပ်တာ မှန်သမျှ ကောင်းကောင်းဆိုးဆိုး ဆန့်ကျင်မှာပဲဆိုတဲ့ ဆေးခါးကြီးကို စွန့်လွှတ်သင့်ပြီ။ ဘာလုပ်နေသလဲ၊ ဘာကိုရည်ရွယ်ပြီး လုပ်နေတာလဲဆိုတာ တွေးကြည့်သင့်ပါပြီ။ တကယ်တော့ နိုင်ငံရေးဆိုတာ ဖြူစင်သန့်ရှင်းပြီး နူးညံ့သိမ်မွေ့ပါတယ်။ ဒါပေမယ့် အဲဒီနိုင်ငံရေးကိုလုပ်နေတဲ့ နိုင်ငံရေးသမားတချို့ရဲ့ ငါဖြစ်ချင်သလို ဖြစ်ရမယ်၊ ငါတို့လိုချင်တာ ရရမယ်၊ ရရင်ရ၊ မရရင် ချဆိုတာမျိုးကသာ နိုင်ငံရေးကို ညစ်ထေးအောင်လုပ်နေတာပါ။ ပိုဆိုးတာက ပြည်ပအားကိုးချင်စိတ်ပဲ။ သူတို့အားကိုးတဲ့ ပြည်ပနိုင်ငံကြီးတွေက ဘာလိုချင်လို့ လုပ်နေတယ်ဆိုတာ မသိဘူးလား။ သူတို့ကြိုက်တဲ့ အစိုးရတင်ပြီး သူတို့လုပ်ချင်သလို ဝင်လုပ်ဖို့ ရည်မှန်းချက်က သူတို့ရဲ့ မဟာဗျူဟာပဲဆိုတာ သတိမူသင့်ပါတယ်။

ဒါကို သတိမမူဘဲ မဆင်မခြင်လုပ်နေကြတဲ့လူတွေရဲ့ လုပ်ရပ်ကြောင့် သူတို့သမိုင်း ညစ်ထေးရုံတင်မကဘူး၊ နောက်ဆက်တွဲက တိုင်းပြည်ကျွန်ပြန်ဖြစ်သွားနိုင်တယ်။ ဒီအချိန်ကျမှတော့ ပန်းတိုင်အပျက်မခံစေချင်ဘူး။ ဘာပဲဖြစ်ဖြစ် အရင်က မရဖူးတဲ့ ဒီမိုကရေစီရတော့မှာ သေချာတယ်။ အပြည့်အဝဟုတ်ချင်မှ ဟုတ်မယ်၊ ဒါပေမယ့် တော်တော်များများ အနှစ်သာရပါတဲ့ ဒီမိုကရေစီဖြစ်ပါလိမ့်မယ်။ အရေးကြီးဆုံးကတော့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ပြည်သူလူထုနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီဆိုတာကတော့ သေချာတယ်။ အကျင့်စရိုက်မတူ၊ ဓလေ့ထုံးစံမတူတဲ့ နိုင်ငံတွေက ဒီမိုကရေစီမျိုးမဟုတ်တာလည်း သေချာတယ်။ စိတ်ကူးယဉ် မဟုတ်ဘူး၊ လက်တွေ့ဆန်ပြီး အန္တရာယ်ကင်းတယ်။

နိုင်ငံအတွက်၊ ပြည်သူအတွက်ဆိုတာလေး ထည့်တွေးရင် မဖြစ်နိုင်စရာ မရှိပါဘူး။ မင်းသားကြီးမလုပ်ရလို့ ပတ်မကြီး ထိုးဖောက်တာမျိုး မကြံပါနဲ့။ ၁၉၈၈တုန်းက ဒေါက်တာမောင်မောင်ပြောသွားတာ သတိရမိတယ်။ အရေးအခင်းကာလမှာ ဒေါက်တာမောင်မောင် တက်လာတော့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို သုံးလအတွင်းလုပ်ပေးမယ်လို့ ကြေညာခဲ့တယ်။ တကယ်သာ တိုင်းပြည်ကိုချစ်ပြီး ကောင်းတဲ့အပြောင်းအလဲကို ဖြစ်ချင်တာမှန်ခဲ့ရင် အဲဒီတုန်းက အဲဒီလိုခင်းပေးတဲ့လမ်းကို လိုက်ခဲ့ကြပါလား။ အဲဒီလို မဟုတ်ခဲ့ဘူးလေ။ အရေးအခင်းကို အခွင့်ကောင်းယူပြီး မိမိသည်သာ လက်ရှိတရားဝင် ဝန်ကြီးချုပ်ပါလို့ ထကြေညာတာတွေ မလိုချင်ဘူး၊ ကြားဖြတ်အစိုးရဖွဲ့ပေးပါလို့ တောင်းတာတွေ၊ ရရင်ရ မရရင်ချဆိုတာတွေကြောင့် နောက်ဆုံး မင်းမဲ့စရိုက်လွှမ်းပြီး တိုင်းပြည်ပျက်တော့မလိုဖြစ်ခဲ့တာ သတိထားသင့်တယ်။ ဒီလိုဖြစ်အောင်လုပ်ပြီး ဒီအခွင့်အရေးကိုချောင်းပြီး အပိုင်ကျုံးတော့မယ့် ဆရာကြီးက ပင်လယ်ပြင်ထဲက လက်ပိုက်ကြည့်နေပြီ။ ကံကောင်းလို့၊ တပ်မတော်ကသာ မကယ်ရင် အီရတ်ထက် ပိုစောပြီး ဒုက္ခရောက်မှာ သေချာတယ်။ သတိထားစရာ ပြောတာပါ။

အဲဒီလို ပြည်သူလူထုကို အုံကြွသည်ထက် အုံကြွအောင် တို့မီးရှို့မီးလုပ်နေကြသူတွေဟာ သူတို့သားသမီး၊ ဆွေမျိုးအသိုင်းအဝိုင်းတွေကိုကျတော့ အဲဒီတုန်းက လမ်းပေါ်အထွက်မခံခဲ့ကြဘူး။ ပိုပြီးစိတ်ချရအောင် နိုင်ငံခြားပို့ထားတဲ့သူတွေက ရှိသေးတယ်။ အတွေ့အကြုံ ဗဟုသုတနည်းပါးပြီး တက်တက်ကြွကြွ လူငယ်လူရွယ်တွေကိုသာ မြှောက်ထိုးပင့်ကော်နဲ့ ဓားစာခံလုပ်ပြီး သူတို့အာဏာရရှိရေးလုပ်ခဲ့လို့ တိုင်းပြည်ချောက်ကမ်းပါးထဲ ရောက်တော့မယ့်အခြေအနေထိ မင်းမဲ့စရိုက်လွှမ်းမိုးခဲ့ရတာ၊ အေးချမ်းသာယာမှုနဲ့ တရားဥပဒေစိုးမိုးမှုပျက်ပြားပြီး ပြည်သူလူထုကျီးလန့်စာစားဖြစ်ခဲ့ရတာပါ။

ဒီလို အစစ ပျက်စီးယိုယွင်းနေတဲ့ အခြေအနေကနေ တည်ငြိမ်အေးချမ်းလာအောင်၊ ဖွံ့ဖြိုးတိုးတက်လာအောင် လက်ရှိအစိုးရက ကြိုးစားဖော်ဆောင်ပေးခဲ့ပါတယ်။ ဒါက လက်တွေ့ပါပဲလေ။ အလကားပြောနေတာပါကွာလို့ ပြောလို့မရဘူး။ **ဒီနေ့ ဒီအချိန်လို ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာမှုမျိုးကို အတိတ်သမိုင်းတစ်လျှောက်လုံး ကျွန်တော်တို့ ဘယ်တုန်းက ရခဲ့ဖူးသလဲ။ ဒီထက်ပိုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ အေးချမ်းသာယာရေး အာမခံချက်ပေးနိုင်အောင် သိမ်သိမ်မွေ့မွေ့နဲ့ ဆက်လုပ်နေဆဲမဟုတ်လား။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုးမြှင့်တည်ဆောက်နေဆဲပဲ မဟုတ်လား။ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာက ဒီမိုကရေစီအတွက် အခြေခံအုတ်မြစ်တွေပဲ။ ဒါတွေမရှိရင် ဒီမိုကရေစီကိုဖော်ဆောင်လို့ မရနိုင်ဘူး။**

စည်းလုံးညီညွတ်မှုပျက်ပြားအောင် သွေးထိုးလှုံ့ဆော်နည်းတစ်ခုကတော့ ဖယ်ဒရယ်မှုပဲ။ နိုင်ငံကို အစိတ်စိတ်အမြွှာမြွှာခွဲဖို့ ရည်ရွယ်ပြီး ဖယ်ဒရယ်ကို အသက်သွင်းဖို့ ကြိုးပမ်းနေကြတယ်။ တိုင်းရင်းသားတွေအကြားမှာ မြှောက်ပင့်ပေးနေကြတယ်။ ကျွန်တော်တို့နိုင်ငံက သေးသေးလေး၊ လူအင်အားက နည်းနည်း၊ တိုင်းရင်းသားလူမျိုးပေါင်းက တစ်ရာကျော်၊ ဒါကို ဖယ်ဒရယ်စခဲ့လို့ကတော့ ဝါးအစည်းပြေသလို ပရမ်းပတာ ပြိုကွဲပြီး အားလုံးကျားစာဖြစ်သွားမှာ မယုံမရှိနဲ့။ ရှေ့ကဖြစ်ခဲ့တဲ့ နိုင်ငံကြီးတွေ ပြိုကွဲတာ ငြင်းမရတဲ့သာဓကပဲ။ ဒါကြောင့် ဖယ်ဒရယ်ဟာ ပြည်ထောင်စုကိုပြိုကွဲစေမယ့် မျိုးစေ့ပါနေတယ်ဆိုတာသတိထားရပါမယ်။

အဲဒီလို နိုင်ငံမှာ အတိတ်ကဖြစ်ခဲ့တာတွေ လက်ရှိအခြေအနေတွေနဲ့ အနာဂတ်မှာ ဖြစ်လာမှာတွေ နှိုင်းယှဉ်ချိန်ထိုးပြီး မှန်မှန်ကန်ကန် တွေးခေါ်ကြမယ်ဆိုရင် ဘာလုပ်သင့်သလဲဆိုတဲ့အဖြေက ရှိပြီးသားပါ။ ဒါပေမယ့် အတွေးအခေါ်က အမှောင့်ပယောဂကင်းရမယ်၊ အားကိုးအားထားမှန်ရမယ်၊ ပုဂ္ဂိုလ်စွဲ၊ အတ္တစွဲကင်းရမယ်၊ တိုင်းပြည်နဲ့လူမျိုးအပေါ် စိတ်ကောင်းစေတနာမှန် ထားရမယ်၊ မှန်မှန်ကန်ကန် ရပ်တည်နိုင်ရမယ်၊ ဟိုမျက်နှာ ဒီမျက်နှာကြည့်ရတာမျိုးမဖြစ်ဖို့ လိုအပ်တယ်၊ ပြည်သူလူထုကို မှန်မှန်ကန်ကန် စည်းရုံးနိုင်ရမယ်၊ ဇာတ်နာအောင်လုပ်ပြီးမှ လမ်းမပေါ်ဆွဲတင်ပြီး လူထုအုံကြွမှုဖန်တီးတာမျိုး ရှောင်သင့်တယ်။ ဒီနေ့ ပြည်သူလူထုက ဆူပူမှု၊ မတည်ငြိမ်မှုကို လုံးဝမဖြစ်စေချင်ဘူး။ ဒီမိုကရေစီခရီးကို ဒီထက်မကြာချင်တော့ဘူး။ အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်နဲ့ မြန်မြန်သွားချင်နေပြီ။

ဒါတွေကြောင့် ဒီနေ့ နိုင်ငံတော်တိုးတက်မှုကို ဆုတ်ယုတ်အောင် လုပ်နေသူတွေ၊ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ချီတက်ရေးကို နှောင့်ယှက်ဟန့်တားနေသူတွေ၊ နောက်ပြန်ဆွဲနေသူတွေ၊ ပုဂ္ဂိုလ်စွဲနဲ့ ကိုယ်ကျိုးရှေ့တန်းတင်ပြီး အတွေးမှား၊ အလုပ်မှားနေကြသူတွေ၊ ငါးစာကိုသာ မြင်ပြီး ငါးမျှားချိတ်ကို မမြင်ကြတဲ့ ပြည်ပကို အားကိုးချင်ကြသူတွေ၊ ပြည်သူလူထုရဲ့ဆန္ဒကို ပစ်ပယ်ပြီး မတောင်းဆိုသင့်တာ၊ မဖြစ်နိုင်တာတွေ တောင်းဆိုနေကြသူတွေအနေနဲ့ စဉ်းစဉ်းစားစားလုပ်ကြဖို့ အချိန်တန်ပါပြီ။ အဆိုးအကောင်း၊ အကျိုးအပြစ်ကို အကြောင်းအကျိုးနဲ့ ဝေဖန်သုံးသပ်ပြီး မလုပ်သင့်တာတွေ ရပ်ဖို့၊ လုပ်သင့်တာတွေ ဆက်လုပ်ကြဖို့ လိုပါပြီ။ မဖြစ်နိုင်တဲ့၊ အကျိုးမရှိနိုင်တဲ့လုပ်ရပ်တွေ ရပ်တန်းက ရပ်သင့်ပါပြီ။ ဖြစ်သင့်ဖြစ်နိုင်တဲ့၊ အကျိုးရှိနိုင်တဲ့ အလုပ်တွေကိုသာ လုပ်ကြမယ်ဆိုရင်တော့ ကျွန်တော်တို့ မျှော်လင့်ထားတဲ့ ဒီမိုကရေစီဟာ အမှန်တကယ်ကို နီးပါပြီ။ ရောက်ခါနီးမှ နောက်ပြန်မလှည့်ချင်ပါနဲ့တော့။ စိတ်တူကိုယ်တူ တက်ညီလက်ညီဖြင့် ဆက်လက်ချီတက်ကြပါစို့လို့။ ။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၉ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(ခ)အုပ်စု

နေပြည်တော်အားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (ခ)အုပ်စုမှ နိုင်ငံခြားရေးဝန်ကြီးဌာန အသင်းက ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော် ပျဉ်းမနား (ပေါင်းလောင်း)အားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (ဂ)အုပ်စုမှ ပညာရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော် လယ်ဝေး အားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (ဂ)အုပ်စုမှ သတ္တုတွင်းဝန်ကြီးဌာနအသင်းက သာသနာရေး ဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အလားတူ မုံရွာမြို့ စစ်ကိုင်းတိုင်း အားကစားပြိုင်ကွင်း၌ ကျင်းပလျက်ရှိသော ပထမအကြိမ် ပြည်နယ်နှင့်တိုင်း အသက် ၁၇နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် စတုတ္ထပွဲစဉ်တွင် ဧရာဝတီတိုင်းအသင်းက ပဲခူးတိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစား

အဆိုပါပြိုင်ပွဲ ပထမ အကြိုဗိုလ်လုပွဲအဖြစ် ဇူလိုင် ၂၈ရက်တွင် ရန်ကုန်တိုင်းအသင်းနှင့် မန္တလေးတိုင်းအသင်း၊ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဇူလိုင် ၂၉ရက်တွင် ဧရာဝတီတိုင်းအသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ယှဉ်ပြိုင်ကစားမည်

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ဇူလိုင် ၂၇ရက် ပွဲစဉ်များအဖြစ် နေပြည်တော် အားကစားပြိုင်ကွင်း၌ အုပ်စု(ဃ)မှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ နေပြည်တော် ပျဉ်းမနား (ပေါင်းလောင်း) အားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာန အသင်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေး အားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ A(H1N1) အကြောင်း သိကောင်းစရာဟောပြောပွဲကို ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း သစ္စာချမ်းမြေ့ခန်းမတွင် ဇူလိုင် ၂၄ရက်က ကျင်းပရာ သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညွန့်က အဖွင့်အမှာစကားပြောကြားစဉ်။ (၁၀၀)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ မြန်မာနိုင်ငံသို့ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ မဝင်ရောက်နိုင်ရေးအတွက် ပြည်သူလူထုက ဘယ်လိုလိုက်နာဆောင်ရွက်ရပါမည်လဲ။

ဖြေ။ ။ အထက်ဖော်ပြပါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယခုကပင် ပြည်သူလူထုတစ်ရပ်လုံးက လိုက်နာဆောင်ရွက်ရပါမည်။ ကျန်းမာရေးဝန်ကြီးဌာနက ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင်များမှတစ်ဆင့် အခါအားလျော်စွာ ထုတ်ပြန်ထားသော နှိုးဆော်ချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရပါမည်။

မေး။ ။ ရောဂါကာကွယ်ဆေး ရှိပါသလား။

ဖြေ။ ။ ကာကွယ်ဆေးကို ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစ၍ ကာကွယ်ဆေးရသည်အထိ အနည်းဆုံး (၃-၄)လကြာနိုင်ပြီး စက်မှုဖွံ့ဖြိုးပြီးသော နိုင်ငံကြီးများတွင်သာ အများဆုံးထုတ်လုပ်နိုင်ပါသည်။ ထုတ်လုပ်မှုစွမ်းအားသည် ကမ္ဘာ့လူဦးရေအားလုံးအတွက် မလုံလောက်နိုင်ပါ။

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကာကွယ်ဆေးရရှိရန် အခက်အခဲရှိပါမည်။ ထို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

တစ်ဦးချင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ကိုယ်ခံစွမ်းအားမြှင့်တင်ခြင်း၊ လက်မကြာခဏဆေးခြင်း၊ ပါးစပ်နှာခေါင်းစည်း အသုံးပြုခြင်း၊ လူစုလူဝေးရှိရာသို့ ရှောင်ရှားခြင်း၊ ရောဂါရှိသူနှင့် အနီးကပ်ထိတွေ့သူများကို သီးခြားစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါဖြစ်ပွားသူများကိုသီးခြား ခွဲခြားကုသခြင်း စသောနည်းလမ်းများကို ဆောင်ရွက်ခြင်းအားဖြင့် ရောဂါဖြစ်ပွားမှုကို နှေးကွေးစေခြင်း၊ ထိန်းချုပ်နိုင်ခြင်းများကို ယခင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါများနှင့် ဆားစ် (SARS) ရောဂါများ ကာကွယ်ရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်သော သက်သေသာဓကများ ရှိခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အထက်ပါနည်းလမ်းများကို အဓိကထား ဦးစားပေးဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

မေး။ ။ ရောဂါဖြစ်ပွားလာလျှင် ကုသရေးအတွက် ဆေးဝါးရှိပါသလား။

ဖြေ။ ။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအတွက် Tamiflu (Oseltamivir) နှင့် Relenza (Zanamivir) ဆေးနှစ်မျိုးသည် ဤရောဂါပိုးအတွက် ကုသနိုင်စွမ်းရှိကြောင်း အထောက်အထားရှိပါသည်။ ဤဆေးဝါးများကို ရောဂါစတင်ဖြစ်ပွားချိန်မှ ၄၈နာရီအတွင်း သုံးစွဲပါက ပိုမိုထိရောက်မှုရှိပါသည်။



* ကျောဖုံးမှ

ပျဉ်ထောင်စုရွာလမ်းအတိုင်း လျှောက်လာခဲ့ရာ ၁၅မိနစ်ခန့်အကြာ၌ပင် သင်္ဘောသီးများ ပြွတ်နေအောင် သီးနေသော သင်္ဘောခြံသို့ရောက်ရှိခဲ့သည်။ အပင်တိုင်းမျှ အပင်ခါးညွတ်လုလုသီးနေသော သင်္ဘောပင်များကို တအံ့တသြကြည့်ရင်း ခြံအတွင်းဝင်လာခဲ့ရာ သင်္ဘောစိုက် တောင်သူ ဦးအေးနွဲ့နှင့် တွေ့ဆုံခဲ့သည်။

"ကျွန်တော် သင်္ဘောစိုက်ပျိုးနေတာ ကြာပါပြီ။ သင်္ဘောစိုက်စက လေးဧကလောက် ရှိပါတယ်။ ကျွန်တော်စိုက်တဲ့ သင်္ဘောသီးမျိုးတွေကတော့ ထိုင်းမျိုးနဲ့ တရုတ်မျိုးတွေဖြစ်ပါတယ်။ လက်ရှိစိုက်ပျိုးထားသော အပင်ပေါင်း ၂၀၀၀ ကျော်ရှိပြီး အပင်အားလုံးသီးနေပါပြီ" ဟု ရှင်းပြသည်။

> "သင်္ဘောပင်စိုက်ဧက လေးဧက ရှိပါတယ်"
>
> ဦးအေးနွဲ့
> သင်္ဘောပင်စိုက်တောင်သူ
> ကျိုက်လတ်မြို့နယ်။

သင်္ဘောသီးများ ဖွံ့ဖြိုးကြီးထွားကာ အပင်နှင့်မမျှအောင် သီးနေသည့် မြင်ကွင်းမှာ····။ (မြန်မာ့အလင်း)

စနစ်တကျ

သင်္ဘောသီးစိုက်ပျိုးခြံသည် ဥယျာဉ်ချောင်း၏ ကမ်းစပ်တွင်ရှိပြီး ရေဝင် ရေထွက် ကောင်းသည်။ မြေမျက်နှာပြင် ညီညာပြီး မြောင်းပေါင်များပေါ်တွင် စနစ်တကျ စီတန်းစိုက်ပျိုးထားသော သင်္ဘောပင်များကို တွေ့ရသည်။

"သင်္ဘောပင် စုစုပေါင်း ၂၄၀၀ လောက် ရှိတယ်။ တစ်နှစ်ခွဲလောက် သက်တမ်းမှာ တစ်ပင်ကို သင်္ဘောသီးအလုံး ၈၀ လောက် သီးပါတယ်။ ကျွန်တော်က သင်္ဘောသီးမှည့်နိုင်တဲ့ အနေအထားမျိုးရှိမှ ခူးတာပါ။ ခုနစ်ရက်တစ်ကြိမ်နဲ့ တစ်နှစ်ပတ်လုံး သင်္ဘောသီးတွေခူးပြီး ရောင်းနေတာ ဖြစ်ပါတယ်။ တစ်ကြိမ်ခူးလျှင် သင်္ဘောသီးအလုံး ၂၀၀၀ကျော် ခူးရပါတယ်။ အဲဒီ သင်္ဘောသီးတွေကို စက်လှေတွေနဲ့ ရန်ကုန်သို့တင်ပို့ ရောင်းချနေတာဖြစ်ပါတယ်" ဟု တောင်သူဦးအေးနွဲ့က သတင်းအဖွဲ့ကို ဆက်လက်ရှင်းပြသည်။

အမှတ်အသား

သင်္ဘောသီးများကို အပင်တိုင်းတွင် မှည့်နေတာ တွေ့ရသည်။ အရွယ်ညီညာပြီး အလုံးလည်းလှသည်။ ငှက်ပျောပင်များကို တစ်ပင်လျှင် ရှစ်ပေခန့်အကွာ မြောင်းပေါင်များ တစ်ခုနှင့် တစ်ခုလည်း ရှစ်ပေခန့်ကွာလျက် စိုက်ပျိုးထားသည်ကို တွေ့ရသည်။ သင်္ဘော သီးခူးရန် အမှတ်အသားမှာ သင်္ဘောသီးပေါ်၌ အဝါအစက် အပြောက်သုံးခု၊ လေးခုလောက်တွေ့လျှင် စတင်ခူး၍ရကြောင်း သိရသည်။

တိုးချဲ့စိုက်ပျိုး

ခူးပြီးသော သင်္ဘောသီးများကို အိတ်များ၊သစ်သားသေတ္တာများဖြင့် ထည့်သွင်းပြီး စက်လှေဖြင့် ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသို့ တင်ပို့သည်။ တစ်အိတ်လျှင် သင်္ဘောသီး အလုံး ၁၇လုံးနှင့် ၁၈လုံးခန့်ဆံ့သလို၊ သေတ္တာတစ်လုံးလျှင် သင်္ဘောသီး အလုံး ၁၈ လုံးခန့် ထည့်သွင်းနိုင်သည်။ တောင်သူဦးအေးနွဲ့က နောက်နှစ်တွင် ငှက်ပျောစိုက်ဧက ၁၀ ဧကကိုလည်း တိုးချဲ့စိုက်ပျိုးမည်ဟု ဆိုသည်။

စိုက်ပျိုးထားမှု

တောင်သူဦးအေးနွဲ့၏ သင်္ဘောခြံမှ ထွက်ခွာလာခဲ့ပြီးနောက် ဘုံလုံချောင်း ကျေးရွာအုပ်စုသို့ ဆက်လက် ထွက်ခွာလာခဲ့သည်။ လယ်ယာစိုက်ပျိုးခင်းများကို ဖြတ်သန်းပြီး ဘုံလုံချောင်းရွာသို့ ရောက်ရှိခဲ့သည်။ ဘုံလုံချောင်းကျေးရွာတွင် သင်္ဘောခြံများ စိုက်ပျိုးထားမှုကို တွေ့ရသည်။

ထွက်ရှိ

သင်္ဘောခြံတစ်ခြံကို ဘုံလုံချောင်း ကျေးရွာအနီး မြင်တွေ့၍ ဝင်ရောက်လေ့လာခဲ့သည်။ သင်္ဘောသီးများ အုံခဲပြွတ်သိပ်နေသော သင်္ဘောပင်များကို မြင်တွေ့ရသည်။ သင်္ဘောခြံအတွင်း သင်္ဘောပင်များကို ပြုပြင်နေသူများကို တွေ့၍မေးမြန်းရာ ဤသင်္ဘောခြံမှ တစ်ကြိမ်ခူးလျှင် သင်္ဘောသီး ၁၅၀၀ခန့် ထွက်ရှိကြောင်း ပြောပြသည်။

အတူလိုက်ပါလာသော ကျိုက်လတ်မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးခန့်က ကျိုက်လတ်မြို့နယ်အတွင်းမှာ တူးမြောင်းရွာ၊ ပန်းခြံရွာ၊ တုံးလဲရွာနှင့် ဘုံလုံချောင်း ကျေးရွာအုပ်စု၊ ခရာပင်ဆိပ်ရွာအုပ်စုတွေမှာ သင်္ဘောခြံစိုက်ပျိုးမှုတွေရှိပါတယ်။ နောက်ပြီး ကျိုက်လတ်မြို့နယ်အတွင်းမှာ ဟင်းသီးဟင်းရွက်နဲ့ သီးပင်စိုက်ပင် (၃၃၅) ဧကရှိပါတယ်။ အဲဒီဧကတွေ အားလုံး အပြည့်စိုက်ပျိုးသွားမှာပါ။ ထွက်ရှိတဲ့ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးတွေကို ဒေသစားသုံးမှု ပိုလျှံပြီး ရန်ကုန်ကိုလည်း တင်ပို့နေပါတယ်" ဟု ဦးမျိုးခန့်က သတင်းအဖွဲ့ကို ရှင်းပြသည်။

ရန်ကုန်သို့တင်ပို့

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို စက်လှေကြီးများဖြင့် တင်ဆောင်ပြီး ပန်းသပွတ်မြစ်အတိုင်း မောင်းနှင်ကာ တိုးမြစ်မှတစ်ဆင့် ရန်ကုန်သို့ ရေကြောင်းဖြင့် တင်ပို့ခြင်းဖြစ်သည်။ သင်္ဘောသီးများမှာ နေ့စဉ် အလုံးရေ ၅၀၀၀ခန့် ရန်ကုန်သို့တင်ပို့ပေးနေကြောင်း သိရသည်။

ထွက်ကုန်

ကျိုက်လတ်မြို့နယ်အတွင်း ကျေးရွာအုပ်စုများမှ ဒေသထွက်ကုန် ဟင်းသီးဟင်းရွက်များမှာ ဆောင်းရာသီ၌လည်း နေ့စဉ် စက်လှေကြီး ၁၀စင်းခန့်ဖြင့် ရန်ကုန်သို့တင်ပို့ပေးကြောင်း သိရသဖြင့် ကျိုက်လတ်မြို့မှ တောင်သူများ၏ လုပ်အားအလှမှာ ပေါ်လွင်ထင်ရှား၍ နေသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

အပင်ညွတ်လုလု ပြွတ်သိပ်သီးနေသော သင်္ဘောသီးများကို ကျိုက်လတ်မြို့နယ်၌ ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

> **"သင်္ဘောပင်စုစုပေါင်း ၂၄၀၀ လောက် ရှိတယ်။ တစ်ပင်ကို တစ်နှစ်ခွဲလောက်ဆိုရင် သင်္ဘောသီးအလုံး ၈၀ လောက် သီးပါတယ်။ ကျွန်တော်က သင်္ဘောသီး မှည့်နိုင်တဲ့ အနေအထားမျိုးရှိမှ ခူးတာပါ။ ခုနစ်ရက်တစ်ကြိမ်နဲ့ တစ်နှစ်ပတ်လုံး သင်္ဘောသီးတွေခူးပြီး ရောင်းနေတာ ဖြစ်ပါတယ်။ တစ်ကြိမ်ခူးလျှင် သင်္ဘောသီးအလုံး ၂၀၀၀ကျော်ခူးရပါတယ်။ အဲဒီ သင်္ဘောသီးတွေကို စက်လှေတွေနဲ့ ရန်ကုန်သို့ တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်"**
>
> **တောင်သူဦးအေးနွဲ့**



ယာဉ်/လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ မြိတ်တက္ကသိုလ်၌ ကျင်းပ

မြိတ် ဇူလိုင် ၂၅

တနင်္သာရီတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၂ရက် နံနက် ၉ နာရီက မြိတ်တက္ကသိုလ်၌ကျင်းပရာ ရှေးဦးစွာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက အဖွင့်အမှာစကား ပြောကြားသည်။

ပညာပေးဟောပြော

ယင်းနောက် တနင်္သာရီတိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတိယရဲမှူး အောင်ဘလေးက ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်အကြောင်း အသိပညာပေး ဟောပြောသည်။**(အပေါ်ပုံ)** ဆက်လက်၍ မြိတ်ခရိုင် ဒုတိယတရားသူကြီး ဒေါ်ချိုမာမြင့်က မော်တော်ယာဉ်နှင့် ယာဉ်မတော်တဆဖြစ်မှုများဆိုင်ရာဥပဒေအကြောင်း အသိပညာပေး ဟောပြောရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူ ၁၂၀၀ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်အကြောင်း ပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရေးပေါ် မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း ဧရာဝတီတိုင်း ပုသိမ်မြို့တွင် ဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၅

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မိခင်ကလေးကျန်းမာရေး ဌာနစိတ်နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ ကြီးမှူးကျင်းပသော ကိုယ်ဝန်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေးနှင့် အရေးပေါ်မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေးဆိုင်ရာ အသိပေးဆွေးနွေးပွဲကို ဧရာဝတီတိုင်း ပုသိမ်မြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ဇူလိုင် ၂၁ ရက်က ကျင်းပခဲ့ရာ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါ်ခင်မျိုးသူက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (မိခင်ကလေး) ဒေါက်တာသိင်္ဂီမြင့်၊ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုကိုနှင့် ဒေါက်တာမြင့်မိုရ်ရိုး (လက်ထောက်ဆရာဝန်/ မိခင်ကလေး)တို့က အသိပေးဆွေးနွေး ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ ဒေါက်တာသွယ်သွယ်ဝင်း (စီမံချက်အရာရှိ၊ မျိုးဆက်ပွားကျန်းမာရေး)က ဆက်လက်ဆွေးနွေး တင်ပြခဲ့သည်။

ကျင်းပမည်

ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းကျန်းမာရေးဦးစီးဌာနမှ တိုင်းကျန်းမာရေး ဦးစီးဌာနမှူးများ၊ အရာရှိများ၊ ပုသိမ် ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် သူနာပြု ဆရာမကြီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်း ၈၀ ခန့် တက်ရောက်ပြီး ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေး ဆရာဖြစ်သင်တန်းကို နှစ်ရက်တာ ကျင်းပခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘားအံမြို့ မြို့မဈေးကြီးအတွင်း သားငါးရောင်းချမှုစနစ်တကျရှိစေရေး၊ ယင်လုံဆန်ခါတပ်ဆင်သုံးစွဲမှုနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

✱ *ရှေ့ဖုံးမှ*

စုစည်းထား

မော်လမြိုင်သည် ဧရိယာ ၅၄၀၆၉ ဧက ကျယ်ဝန်းပြီး လူဦးရေ လေးသိန်းကျော် နေထိုင်ကြသည်။ အရှေ့ဘက်တွင် ကျိုက်မရောမြို့နယ်၊ အနောက်ဘက်တွင် ချောင်းဆုံမြို့နယ်၊ တောင်ဘက်တွင် မုဒုံနှင့် ရေးမြို့နယ်၊ မြောက်ဘက်တွင် ဘားအံမြို့နယ်တို့ ဝန်းရံထားသည်။ ရပ်ကွက်ပေါင်း ၂၂ရပ်ကွက်၊ ကျေးရွာ အုပ်စုပေါင်း ၁၉အုပ်စုတို့ဖြင့် စုစည်းထားသည်။

အဓိကစီးပွားရေး

မြို့ပေါ်နေ ပြည်သူအများစုသည် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို မဏ္ဍိုင်ပြု နေထိုင်ကြပြီး ကျေးလက်နေ ပြည်သူများ၏ အဓိက စီးပွားရေးက ဆန်စပါးနှင့် ဥယျာဉ်ခြံမြေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ မိုးရေချိန်လက်မ ၂၀၀ ဝန်းကျင် ရွာသွန်းသဖြင့် စိုက်ပျိုးသီးနှံ ဖြစ်ထွန်းကြောင်း သိရသည်။

လူငယ်လူရွယ်များ အဆင့်မြင့်ပညာကို မိမိတို့ဒေသတွင်း လက်လှမ်းတမီ သင်ယူနိုင်စေရန် နည်းပညာတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပညာရေးကောလိပ်တို့ကို တစ်ကျောင်းစီ ဖွင့်လှစ်ကာ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးလျက်ရှိ။ အခြေခံပညာ အဆင့်တွင် အထက်တန်းကျောင်း ၁၅ကျောင်း၊ အထက်တန်းကျောင်းခွဲ တစ်ကျောင်း၊ တွဲဖက်အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်း ၁၄ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၃ကျောင်းနှင့် မူလတန်းကျောင်း ၁၁၂ကျောင်း ဖွင့်လှစ်ထားရာ ကျောင်းသား ကျောင်းသူများ ပညာရပ်များကို အပတ်တကုတ် ကြိုးစားသင်ယူလျက်ရှိကြ။

စိုက်ပျိုးရန် လျာထား

မြန်မာ့အလင်း သတင်းအဖွဲ့သည် မွန်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးရေးသားရန် မော်လမြိုင်မြို့သို့ သွားရောက်ခဲ့သည်။ မော်လမြိုင်မြို့သို့ ရောက်သည်ဆိုလျှင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းလွင်အား ဒေသဖွံ့ဖြိုးရေး တွေ့ဆုံမေးမြန်းခဲ့သည်။ ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းမှာ ဆန်စပါးနှင့် ရော်ဘာလုပ်ငန်းဖြစ်ကြောင်း၊ ယခုနှစ်တွင် မိုးစပါးဧက ၁၈၄၅၀ လျာထားရာ ၁၂၂၉၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ရေတော်မိုးတော်စပါးကို ယခုလ ကုန်ပိုင်းတွင် ထွန်တုံးပိတ်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ အထွက်နှုန်းကောင်းသည့် ဆင်းသွယ်လတ်၊ မနောသုခနှင့် ကျွန်းရွှေဝါ မျိုးစပါးများ စိုက်ပျိုးထားကြောင်း၊ နွေစပါးဧက ၃၁၀၀ စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း ပြောကြားသည်။

မော်လမြိုင်မြို့တွင် မိုးကောင်းသဖြင့် သတင်းအဖွဲ့ရောက်သည့်နေ့ မိုးက ကြိုဆိုနှုတ်ဆက်လိုက်ရာ တစ်ကိုယ်လုံး ရွှဲရွှဲစိုပြီး ခိုက်ခိုက်တုန်ခဲ့သည်။

“ယခုနှစ်မှာ မိုးစပါးဧက ၁၈၄၅၀ လျာထားရာ ၁၂၂၉၃ ဧက စိုက်ပျိုးပြီး ဖြစ်ပါတယ်”

ဦးဆန်းလွင်
မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

ဆီထွက်သီးနှံ

ယခုနှစ်တွင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ စုစုပေါင်း ဧက ၃၀၅၀ကျော် တိုးမြှင့်စိုက်ပျိုးသွားရန် လျာထားချက်ရှိသည်။ စက်မှုကုန်ကြမ်း ဖြစ်သည့် ရော်ဘာကို ဧက ၁၇၈၀ နှင့် ငရုတ်ကောင်းစိုက်ဧက ၂၁၀၅ဧက စိုက်ပျိုးထားသည်။ ဥယျာဉ်ခြံမြေ သီးနှံများဖြစ်သည့် ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်နှင့် နာနတ်များကိုလည်း စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြသည်။

စိုက်ပျိုးရေ

စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို သဘာဝမိုးရေနှင့် ရွှေနတ်တောင် ရေလှောင်တမံများမှ ရယူသုံးစွဲကြသည်။ ရွှေနတ်တောင် ရေလှောင်တမံသည် မြို့သောက်သုံးရေအပြင် စိုက်ပျိုးရေကို ပေးဝေသည်။

ကျန်းမာရေး

ကျန်းမာရေးကဏ္ဍအနေဖြင့် ခုတင် (၃၅၀) ဆံ့ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသုံးရုံအပြင် မိခင်နှင့်ကလေး ကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန သုံးခုနှင့် ဌာနခွဲ၁၂ခုတို့ကလည်း ပြည်သူများ၏ ကျန်းမာရေးပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ပညာရေး

လူငယ်လူရွယ်များ အဆင့်မြင့်ပညာကို မိမိတို့ဒေသတွင်း လက်လှမ်းတမီ သင်ယူနိုင်စေရန် နည်းပညာတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပညာရေး ကောလိပ်တို့ကို တစ်ကျောင်းစီဖွင့်လှစ်ကာ အသိပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်ပေးလျက်ရှိသည်။ အခြေခံပညာအဆင့်တွင် အထက်တန်းကျောင်း ၁၅ ကျောင်း၊ အထက်တန်းကျောင်းခွဲ တစ်ကျောင်း၊ တွဲဖက်အထက်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်း ၁၄ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၃ကျောင်းနှင့် မူလတန်းကျောင်း ၁၁၂ကျောင်း ဖွင့်လှစ်ထားရာ ကျောင်းသား ကျောင်းသူများ ပညာရပ်များကို အပတ်တကုတ် ကြိုးစားသင်ယူလျက်ရှိကြသည်။

ဆောင်ရွက်

မွန်ပြည်နယ်သည် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ တစ်နိုင်ငံလုံးတွင် အောင်ချက်အကောင်းဆုံး ပထမဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ အထက(၈) မော်လမြိုင်သည် ၂၀၀၈-၂၀၀၉ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၁၈ဦးအပြင် လေးဘာသာ၊ သုံးဘာသာ စသည်ဖြင့် ဂုဏ်ထူးရှင် အမြောက်အမြား မွေးထုတ်ပေးနိုင်ခဲ့သည်။

ဆက်သွယ်ရေး

ဆက်သွယ်ရေး ကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်ခဲ့ရာ စာတိုက်စခန်း ၁၁ခု၊ ကြေးနန်းရုံးသုံးရုံး၊ မိုက္ကရိုဝေ့ဗ် စခန်းတစ်ခု တည်ဆောက်ပေးနိုင်ခဲ့ပြီး ဂျီအက်စ်အမ်နှင့် စီဒီအမ်အေ အလုံး ၂၀၀၀ကျော်စီ ချထားပေးရာ အချိန်မရွေး အခက်အခဲမရှိ ဆက်သွယ်ပြောဆိုနိုင်ကြပေပြီ။

ကျေးလက်လမ်းများ

လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွင်လည်း လမ်းမကြီးများကို အဆင့်မြှင့်တင်ပြုပြင်ဖောက်လုပ်မှုများ ဆောင်ရွက်ပေးခဲ့သည့်အပြင် မြို့တွင်းလမ်းများသာမက ကျေးလက်လမ်းများ တိုးတက်ပြောင်းလဲပေးခဲ့ကြောင်း သိရသည်။

ဖွံ့ဖြိုးတိုးတက်

သို့ဖြစ်၍ မော်လမြိုင်မြို့၏ စီးပွားရေး၊ ပညာရေး၊ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍစုံ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာခဲ့ရာ ရေမြင့်လျှင် ကြာတင့်သကဲ့သို့ပင် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝသည်လည်း ဆတိုး ဖွံ့ဖြိုး တိုးတက်လာတော့မည်မှာ ဧကန်မလွဲ ဖြစ်ပါတော့သည်။ ။

(မြန်မာ့အလင်း)

စိမ်းစိမ်းစိုစို သာသာယာယာဖြင့် မော်လမြိုင်မြို့ကို အပေါ်စီးမှ ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြနှင့်ကျေးလက်လမ်းများ အဆင့်မြှင့်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ပန်းတော(သိမ်ကုန်း)-ပြည်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြီးတို့က ရှင်းလင်းတင်ပြကြစဉ်။(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၂၆-၇-၂၀၀၉ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂဇယမင်္ဂလာ(ယဉ်ဝေယံထွန်း) (တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ မီဒီယာရဲ့ အလင်းတန်းများ သွေးချင်းတို့ ရခိုင်ပြည်နယ်မှာ လွမ်းခြုံသွား
- ၈:၃၀ ၉။ **ကြိုဆိုလျက်ပါ**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၂၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၁၄)
- ၁၂:၃၀ ၄။ Golf Magazine (TV)
- ၁၂:၅၀ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **ကြယ်ပဝါခြုံထားတဲ့ ကောင်းကင်** နေထက်လင်း၊ ခန့်စည်သူ၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-အေးကျော်)
- ၁၄:၃၅ ၆။ **ဂုဏ်ယူဝင့်ကြွား ထင်ရှားပေါ်လွင် မြန်မာအမျိုးသမီးများဂုဏ်အင်** (အပိုင်း-၂)
- ၁၄:၅၀ ၇။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၁၅ ၃။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၇။ တေးဂီတအစီအစဉ်
- ၅:၁၀ ၈။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၅:၂၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
- ၆:၅၅ ၁၃။ တစ်မျက်နှာ တစ်ကွက်စာ
- ၇:၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပေါ်ပြူလာအချစ်** (အပိုင်း-၁၄)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၂၈)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဖြူရောင်အောက်က အကြင်နာနှလုံးသား** (အပိုင်း-၇)
- ၂၀။ အစီအစဉ်ပြီး၏။

မုတ်သုံလေအားကောင်းနေမည်

ရန်ကုန် ဇူလိုင် ၂၅

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့်မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာခဲ့ကာ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၄ဒသမ ၆၄လက်မ၊ ကိုကိုးကျွန်းတွင် ၃ဒသမ ၆၃လက်မ၊ ပူတာအိုမြို့တွင် ၂ဒသမ ၄၄လက်မနှင့် ဟဲဟိုးမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ဒသမ ၀၉လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဇူလိုင်၂၆ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ပြောင်းရွှေ့ကြေးနှင့် ထိုက်တန်ကြောင်းပြမည် မန်ယူတိုက်စစ်မှူးဘာဘာတော့ဗ်ပြောကြား

လန်ဒန် ဇူလိုင် ၂၅

ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ပိုမိုခြေစွမ်းပြနိုင်ပြီး ပြောင်းရွှေ့ကြေးနှင့်ထိုက်တန်သည်ဟု သက်သေပြနိုင်မည်ဟုယုံကြည်ကြောင်း တိုက်စစ်မှူး ဘာဘာတော့ဗ်က ကတိပြု ပြောကြားခဲ့သည်။

မန်ယူနည်းပြဖာဂူဆန်သည် ပြီးခဲ့သည့် နွေရာသီက အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၃၀ဒသမ၇၅သန်းဖြင့် စပါးမှ ဘူလ်ဂေးရီးယားတိုက်စစ်မှူး ဘာဘာတော့ဗ်အား ခေါ်ယူခဲ့သည်။ ဘာဘာတော့ဗ်သည် အသင်းကို အင်အားဖြည့်ရာတွင် ခြေစွမ်းပြနိုင်သော်လည်း အိုးထရက်ဖို့ဒ်တွင် ၎င်း၏ ပွဲဦးထွက် ဘောလုံးရာသီ၌ အရန်အဖြစ်သာ အများအားဖြင့် ပွဲထွက်ခဲ့ရသဖြင့် ၁၄ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ **(အင်တာနက်)**

ဖာဘရီဂတ်စ်အား အာဆင်နယ်ထိန်းထားရန်အရေးကြီး ဘာစီလိုနာတိုက်စစ်မှူး အွန်နရီ ဖွင့်ဟပြောကြား



ဘာစီလိုနာ ဇူလိုင် ၂၅

ဘာစီလိုနာအသင်းက အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း အာဆင်နယ်အသင်းအနေဖြင့် ၎င်းအား ဆက်ထိန်းထားရန်မှာ အဓိကကျကြောင်း ဘာစီလိုနာတိုက်စစ်မှူး အွန်နရီက အခိုင်အမာပြောကြားခဲ့သည်။

အာဆင်နယ်နှင့် နှစ်ရှည်စာချုပ် ချုပ်ထားသည့် အသက်၂၂နှစ်ရှိ ဖာဘရီဂတ်စ်သည် မည်သည့်အသင်းသို့မျှ ပြောင်းရွှေ့မည်မဟုတ်ကြောင်း အာဆင်နယ်အသင်းက ထုတ်ဖော် ပြောကြားခဲ့သည်။ သို့သော်လည်း အနာဂတ်တွင် ဘာစီလိုနာသို့ပြောင်းရွှေ့ရန် စိတ်ဝင်စားသည်ဟု ဖာဘရီဂတ်စ်က အခိုင်အမာပြောကြားခဲ့သည်။ အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီတိုင်အောင် ဖလားလက်မဲ့ဖြစ်ခဲ့သည်မှာ ငါးနှစ်ရှိနေပြီဖြစ်ပြီး လာမည့်ဘောလုံးရာသီတွင် နာဆရီဒဏ်ရာရရှိပြီး အဒီဘာယောအသင်းမှ ထွက်ခွာသွားလင့်ကစား ယင်းအသင်းအနေဖြင့် အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်သည့် အရည်အသွေးအပြည့်အဝရှိကြောင်း အာဆင်နယ်တိုက်စစ်မှူးဟောင်းအွန်နရီက ယုံကြည်နေကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အယ်လ်အေဂလက်ဆီမှဒိုနီဗန်အားခေါ်ယူနိုင်ရေး လီဗော်နိုဥက္ကဋ္ဌ စီစဉ်ဆောင်ရွက်နေ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၅

လော့စ်အိန်ဂျလိစ်ဂလက်ဆီ တိုက်စစ်မှူး လန်ဒန်ဒိုနီဗန်အား ခေါ်ယူစာချုပ်နိုင်မည်ဟု ယုံကြည်ကြောင်း လီဗော်နိုဥက္ကဋ္ဌ အယ်လ်ဒိုစပီနယ်လီက ထုတ်ဖော်ပြောကြားခဲ့သည်။

စပီနယ်လီသည် ဒိုနီဗန်၏အေးဂျင့်နှင့် ပြောဆို ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး အသက် ၂၆နှစ်ရှိ ဒိုနီဗန်အား ခေါ်ယူစာချုပ်ရန်စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

ဘော်လ်တန်အတွက်လီချောင်ယောင်တဲ့လား

လန်ဒန် ဇူလိုင် ၂၅

အာရှက ခြေစွမ်းထက်တဲ့ ဘောလုံးသမားတွေကို ဥရောပကလပ်အသင်းတွေက သဘောကျပြီး ခေါ်ယူနေတာမို့ အာရှဘောလုံးသမားတွေရဲ့ ခြေစွမ်းဟာ ဥရောပအဆင့်မီတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ခေါ်ယူ

အခုဆိုရင် တောင်ကိုရီးယားကလပ်အသင်းတစ်သင်းဖြစ်တဲ့ တောင်ကိုရီးယား အက်ဖ်စီအသင်းရဲ့ ကွင်းလယ်ကစားသမား လီချောင်ယောင်ကို ပရီမီယာလိဂ်ကလပ် ဘော်လ်တန်က သုံးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။ တောင်ကိုရီးယား အက်ဖ်စီအသင်းကလည်း ခြေစွမ်းထက်ပြီး အားထားရတဲ့ လီချောင်ယောင်ကို ကစားသမားဘဝ တိုးတက်ရေးအတွက် ကြည်ကြည်ဖြူဖြူပဲ ခွင့်ပြုပေးခဲ့ပါတယ်။

ခြေစွမ်းပြ

တောင်ကိုရီးယားအက်ဖ်စီအသင်းဟာ တောင်ကိုရီးယားမှာတော့ ထိပ်တန်းအသင်း ဖြစ်ပါတယ်။ ဇူလိုင် ၂၄ရက်က မန်ယူအသင်းနဲ့ ခြေစမ်းပွဲကစားခဲ့တဲ့ ပွဲကလွဲပြီး တောင်ကိုရီးယားရဲ့ ဒီနှစ် ကေလိဂ်ပွဲစဉ်တွေမှာ ရှုံးပွဲမရှိသေးတဲ့အသင်းဖြစ်ပါတယ်။

လူငယ်ကစားသမား

တောင်ကိုရီးယား အမျိုးသားဘောလုံး လက်ရွေးစင်လည်းဖြစ်ပြီး တောင်ကိုရီးယား အက်ဖ်စီကလပ်ရဲ့ အဓိက ကွင်းလယ် ဖန်တီးရှင်ဖြစ်တဲ့ လီချောင်ယောင်ဟာ အခုမှ ၂၁ နှစ်အရွယ်ပဲ ရှိပါသေးတယ်။ တစ်ချိန်ကျရင် တောင်ကိုရီးယားရဲ့ ဘောလုံး

ဘော်လ်တန်က စာချုပ်ခေါ်ယူလိုက်သော တောင်ကိုရီးယားကွင်းလယ် ကစားသမားလီချောင်ယောင်။

ကြယ်ပွင့်တစ်ပွင့်အဖြစ် ထင်ရှားလာမယ့်သူလို့လည်း မှတ်ချက်ပြုထားခြင်း ခံရသူဖြစ်ပါတယ်။

ပြောင်းရွှေ့ခြင်း

ဘော်လ်တန်အသင်းဟာ ကွင်းလယ် ကစားသမားလီချောင်ယောင်ကို ခေါ်ယူလိုက်တဲ့အတွက် မိခင်ကလပ် တောင်ကိုရီးယားအက်ဖ်စီအသင်းကို ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာသုံးသန်းပေးရပါတယ်။ ပြောင်းရွှေ့ကြေး နည်းပေမယ့် ဘော်လ်တန်အသင်းက မိမိကလပ်မှ ကစားသမားတစ်ဦးကို စာချုပ်ချုပ်ဆိုခေါ်ယူတယ်ဆိုတဲ့ ဂုဏ်ဒြပ်က ပိုပြီးကြီးမားတယ်လို့ ယူဆခဲ့ပြီး ကျေနပ်နေခဲ့ကြပါတယ်။

လုပ်ခလစာ

ဘော်လ်တန်အသင်းဟာ တောင်ကိုရီးယား ကွင်းလယ်ကစားသမား လီချောင်ယောင်အတွက် တစ်နှစ်လုပ်ခလစာကို အမေရိကန် ဒေါ်လာ၁ဒသမ၂သန်းပေးဖို့တော့ သဘောတူညီပြီး ဖြစ်ပါတယ်။ နောက်ပိုင်းမှာ သူရဲ့ ခြေစွမ်းပြမှုအပေါ် မူတည်ပြီး လုပ်ခလစာနဲ့ အခြားအရပ်ရပ်ဝင်ငွေတွေကို ခံစားခွင့်ပေးမယ်လို့ ဆိုပါတယ်။

စောင့်ဆိုင်း

လောလောဆယ် အနေအထားမှာတော့ လီချောင်ယောင်အတွက် ဗြိတိန်နိုင်ငံမှာ အလုပ်လုပ်ခွင့် ပါမစ်ရဖို့ အခက်အခဲ ရှိနေပါတယ်။ ဒါကြောင့် အလုပ်လုပ်ခွင့်ပါမစ်ရတဲ့အထိ အပြီးသတ် စာချုပ်ချုပ်ဆိုဖို့ နှစ်သင်းစလုံးက စောင့် ဆိုင်းနေကြပါတယ်။ ဒါပေမယ့် အလုပ်လုပ်ခွင့် ပါမစ်ကတော့ ရရှိမှာဖြစ်ပါတယ်။

ကြိုဆို

ဘော်လ်တန်အသင်းကတောင်ကိုရီးယား လူငယ်ဘောလုံး သမားတစ်ဦးအား စာချုပ်ချုပ်ဆို ခေါ်ယူတာကို မန်ယူနည်းပြ ဖာဂူဆန်က ကြိုဆိုလိုက်ပြီး မိမိရဲ့မန်ယူအသင်းမှာ ပတ်ဂျီဆန်ဟာ အဓိကကျတဲ့ ကစားသမားတစ်ဦးအဖြစ် တည်ရှိနေပါတယ်လို့ ထုတ်ဖော် ပြောကြားလိုက်ပါတယ်။

ခြေစွမ်း

ဒါကြောင့် တောင်ကိုရီးယား အက်ဖ်စီရဲ့ ကွင်းလယ်ကစားသမား လီချောင်ယောင်ရဲ့ ဘော်လ်တန်ရောက် ခြေစွမ်းကိုတော့ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

တင်းနစ်မယ် နာသာလီဒီချီ အနားယူပြီ

လန်ဒန် ဇူလိုင် ၂၅

မိသားစုအတွက်အချိန်ပေးရန် အသက် ၃၀အရွယ်တွင် တင်းနစ်ကစားခြင်းမှအနားယူလိုက်ပြီဖြစ်ကြောင်း တင်းနစ်မယ် နာသာလီဒီချီက ထုတ်ဖော်ပြောကြားခဲ့သည်။

ဒီချီသည် ဆုကြေးစားတင်းနစ်လောကသို့ ဝင်ရောက်ခဲ့သည့် ၁၉၉၅ခုနှစ်ကတည်းက ဂရင်းဆလမ်ပြိုင်ပွဲပေါင်း ၅၅ပွဲပါဝင်ယှဉ်ပြိုင်ကစားခဲ့သည်။ သူမ၏ တင်းနစ်သက်တမ်းတစ်လျှောက်၂၀၀၃ခုနှစ်တွင်သာ တစ်ခုတည်းသော ဒဗလျူတီအေ တင်းနစ်ဆုဖလားကို ရယူနိုင်ခဲ့ပြီးနောက် နှစ်နှစ်အကြာ ၂၀၀၅ ခုနှစ်တွင် ဩစတြေးလျ၌ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်သည့် အဆင့်အထိသာ အောင်မြင်မှုရခဲ့သည်။ (အင်တာနက်)

ချစ်စိုးနိုင်စုစည်းသည်

အိုင်ယာလန် ဂေါက်သီးသမား မက်အီလ်ရွိုင် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ၌ ပွဲဦးထွက် ယှဉ်ပြိုင်မည်

လန်ဒန် ဇူလိုင် ၂၅

အိုင်ယာလန်ဂေါက်သီးသမား ရိုရီမက်အီလ်ရွိုင်သည် ၎င်း၏ တစ်နိုင်ငံတည်းသား ဂေါက်သီးကစားဖော် ဂရေမီမက်ဒိုဝဲလ်နှင့်အတူ လာမည့် နိုဝင်ဘာလတွင် တရုတ်၌ ကျင်းပမည့် ကမ္ဘာ့ဖလားချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပွဲဦးထွက်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

အိုင်အန်ပေါ်လ်တာသည် ယင်းပြိုင်ပွဲတွင် အင်္ဂလန်ကို ကိုယ်စားပြုကာ သုံးနှစ်ဆက်တိုက်ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ၎င်း၏ ကစားဖော် ရော့စ်ဖစ်ရှာကမူ နှစ်ကြိမ်မြောက်ပါဝင်ကစားမည်ဖြစ်သည်။ **(အင်တာနက်)**

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည်စုစည်းတင်ပြ၍ ကျင်သန်းဦး စာမျက်နှာဖွဲ့စည်းသည်

လီဗာပူးသို့ မပြန်လိုကြောင်း ခရော့ချ်ပြောကြား

လီဗာပူးအသင်းသည် တိုက်စစ်မှူးဟောင်း ပီတာခရော့ချ်ကို ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေပြီး ခရော့ချ်ကမူ ပြန်လည်ကစားလိုစိတ်မရှိကြောင်း ပြောကြားသည်။

ကိုလိုတိုရေး အသင်းပြောင်းရွှေ့လို



မန်စီးတီးအသင်းသည် အာဆင်နယ် ကစားသမား တိုရေးအားခေါ်ယူရေး ပစ်မှတ်ထားလျက်ရှိပြီးတိုရေးကလည်းအသင်းပြောင်းရွှေ့ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

ဗီလာကို ဘင်နီတက်ဇ်စာချုပ်လို

စပိန်ကလပ်ဗလင်စီယာမှ ကွင်းလယ်ကစားသမားဒေးဗစ်ဗီလာအား ခေါ်ယူစာချုပ်ရန် လီဗာပူးနည်းပြ ဘင်နီတက်ဇ်ကကြိုးစားနေကြောင်း ဒေးဗစ်ဗီလာ၏ အေးဂျင့်က ထုတ်ဖော်ပြောကြားသည်။

ဂျူဗင်းတပ်စ်မှ ပူလ်ဆန်အား စပါးနှင့်ပို့စ်မောက်က ခေါ်ယူလို

ဂျူဗင်းတပ်စ် ကွင်းလယ် ကစားသမား ပူလ်ဆန်အား စပါးနှင့် ပို့စ်မောက်အသင်းတို့က ပြောင်းရွှေ့ကြေး ပေါင်လေးသန်းပေး၍ အပြိုင် ခေါ်ယူလျက်ရှိသည်။

အေဂျက်ဇ်က စပါးခံစစ်မှူး ဂါရက်ဘာလီအားခေါ်ယူမည်

အေဂျက်ဇ်အသင်းနည်းပြ မာတင်ဂျိုးလ်က စပါးခံစစ်မှူး ဂါရက်ဘာလီအား ခေါ်ယူရန် ကြိုးစားနေပြီး ထိုက်တန်သောဈေးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အာဆင်နယ်အသင်းသို့ ဟန်တယ်လာ ပြောင်းရွှေ့လို

စတုဂတ်အသင်းသို့ ပြောင်းရွှေ့ရန် ပျက်ပြားသွားသော ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဟန်တယ်လာအား အာဆင်နယ်နှင့် စပါးတို့ကခေါ်ယူရန် အပြိုင်ကြိုးစားနေကြကြောင်း၊ ဟန်တယ်လာက အာဆင်နယ်သို့ ပြောင်းရွှေ့လိုကြောင်း ပြောကြားသည်။

အီလမ်အား အဲဗာတန်ခေါ်ယူရန် သဘောတူညီချက်ရရှိ

ဆွီဒင်ကွင်းလယ်ကစားသမား ရက်စ်မတ်စ်အီလမ်အား အဲဗာတန်အသင်းက ခေါ်ယူရန် ကြိုးစားလျက်ရှိရာ သဘောတူညီချက်များ ရရှိပြီဖြစ်ကြောင်း အဲဗာတန်အသင်းက ပြောကြားသည်။



စတုတ်နှင့် ဝုဗက်စ်အသင်းတို့ စတီဗ်ဖင်နန်အား စိတ်ဝင်စား

အက်စ်ပန်းညိုအသင်း၌ ကစားနေသော စတီဗ်ဖင်နန်အား စတုတ်နှင့် ဝုဗက်စ်အသင်းတို့က စိတ်ဝင်စားနေကြောင်း၊ ပြောင်းရွှေ့ကြေး ပေါင်ငါးသန်းပေး၍ ခေါ်ယူရန် ကြိုးစားနေကြောင်း စတုတ်အသင်းက သတင်းထုတ်ပြန်သည်။

နယူးကာဆယ်တိုက်စစ်မှူးမာတင်း ဝုဖ်ဘတ်ဂ်အသင်းသို့ ပြောင်းလို

နယူးကာဆယ်တိုက်စစ်မှူးမာတင်းက ဝုဖ်ဘတ်ဂ်အသင်းသို့ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း၊ ဝုဖ်ဘတ်ကလည်း ခေါ်ယူလိုကြောင်း သတင်းထုတ်ပြန်သည်။

26-7 (12).pmd 1 7/26/2009, 2:17 AM

ပင်လယ်မြို့ဟောင်းအား တူးဖော်သုတေသနပြုရာမှ ပျူယဉ်ကျေးမှု ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက အဆောက်အအုံကြီးတွေ့ရှိ

နေပြည်တော် ဇူလိုင် ၂၅

ယဉ်ကျေးမှုဝန်ကြီးဌာနသည် နိုင်ငံ့ဂုဏ်ပြု ယဉ်ကျေးမှုဟူသည့် ဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မြောက်ပိုင်း)မှ ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်ခေါင်းဆောင်လျက် ဤဦးစီးဌာနနှင့် သမိုင်းသုတေသနဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းခြောက်ဦး ပါဝင်သော သုတေသနလုပ်ငန်းအဖွဲ့သည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ပင်လယ်မြို့ဟောင်း တူးဖော်သုတေသနပြုခြင်း လုပ်ငန်းများကို ၂၀၀၉ ခုနှစ် ဇွန်၄ရက်မှ ဇူလိုင်၈ရက်အထိ ဆောင်ရွက်ခဲ့သည်။

မန္တလေးတိုင်း မြစ်သားမြို့နယ်ရှိ ပင်လယ်မြို့ဟောင်း ကုန်းအမှတ် (၁၅)မှ တူးဖော်ပြီး အဆောက်အအုံကြီးကို အရှေ့တောင်ဘက်မှတွေ့ရစဉ်။
(သတင်းစဉ်)

ကုန်းအမှတ်(၁၅)

ပင်လယ်မြို့ဟောင်းသည် GPS နည်းဖြင့် တိုင်းထွာချက်အရ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၂၀ မိနစ် နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ် ၅၀ စက္ကန့်တွင် တည်ရှိသည်။ တူးဖော်သုတေသန ဆောင်ရွက်ရန် ရွေးချယ်ခဲ့သော နေရာသည် ယခင် ၂၀၀၈ ခုနှစ်က မှတ်တမ်းတင်ထားခဲ့သော ရှေးဟောင်းကုန်းပေါင်း ၃၀ အနက်မှ ရွေးချယ်၍ ကုန်းအမှတ်(၁၅) အဖြစ် သတ်မှတ်တူးဖော်သုတေသနပြု ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ တူးဖော်သုတေသနပြုရာ၌ ကုန်းအမှတ်(၁၅)တွင် ဗုဒ္ဓသာသနိက အဆောက်အအုံကြီး၏ ပန္နက်ပုံကို တွေ့ရှိရသည်။ အဆောက်အအုံ၏ အတိုင်းအတာမှာ အောက်ခြေ ပေ(၅၀×၅၀) ပတ်လည်၊ အရှေ့အာရုံခံ ၁၂ပေနှင့် အမြင့် ၉ပေ ဖြစ်သည်။ အဆောက်အအုံ၏ အလယ်ဗဟိုတွင် စက်ဝိုင်းပုံသဏ္ဌာန် အုတ်ရိုးတန်းသည် အုတ်နံရံ နှစ်ဆင့်ပေါ်၌ တည်ရှိသည်။ အဆိုပါ နံရံအဆင့်များတွင် အဆင်တန်ဆာအုတ်ရိုးတန်းများပါရှိသည်။ ပန္နက်ပုံများအရ အဆောက်အအုံ တည်ဆောက်မှု ဗိသုကာလက်ရာသည် ရိုးရှင်းသော်လည်း အလှအပ အမွမ်းအမံများဖြင့် ပြင်ဆင်ထားရှိမှုမှာ အဆင့်အတန်းမြင့်မားကြောင်းတွေ့ရသည်။

တူးဖော်တွေ့ရှိ

အဆောက်အအုံအား ပုံသဏ္ဌာန်အမျိုးမျိုးရှိသည့် တစ်ဖက်ခုံးအုတ်၊ အင်္ဂလိပ်အက္ခရာ (B) ပုံသဏ္ဌာန် အုတ်၊ တစ်ဖက်ချွန်းအုတ်၊ တစ်ဖက်ဝိုင်းအုတ်၊ အနားတွန့်အုတ်၊ ကနုတ်ပန်း သို့မဟုတ်၊ ဇာတာပန်း သို့မဟုတ်၊ သင်ပုန်းခေါင်း သို့မဟုတ်၊ ပေရွက်ပုံသဏ္ဌာန်စသည့် အုတ်ချပ်များဖြင့် တည်ဆောက်ထားသည်ကို တူးဖော်တွေ့ရှိရသည်။ တွေ့ရှိရသည့် အုတ်ချပ်များ၏ အရွယ်အစားမှာ အများအားဖြင့် အလျား ၁၈လက်မ × အနံ ၉လက်မ × ထု ၃ လက်မ ဖြစ်သည်။

တူးဖော်တွေ့ရှိရသော ပစ္စည်းများမှာ အများအားဖြင့် လူ့အသုံးအဆောင်ပစ္စည်းများထက် သာသနိကနှင့် ဆက်နွှယ်နေသည့် မြေမီးဖုတ်အပိုင်းအစများဖြစ်ပြီး ကျောက်ပုတီးစေ့ငယ်သုံးလုံးနှင့် သံမယ်န အနည်းငယ်ကိုသာ တွေ့ရှိရသည်။

တူညီ

အဆိုပါ အဆောက်အအုံကြီး၏ ထူးခြားချက်မှာ ဗိဿနိုးမြို့ဟောင်းရှိ ကုန်းအမှတ်(၁၄)၊ (၁၈)နှင့် လည်းကောင်း၊ သရေခေတ္တရာမြို့ဟောင်းရှိ မသီးကျကုန်းမှ တူးဖော်တွေ့ရှိသည့် အဆောက်အအုံ ပန္နက်ပုံနှင့်လည်းကောင်း၊ ပင်လယ်မြို့ဟောင်းရှိ ကုန်းအမှတ်(၈)နှင့် (၁၄)တို့နှင့် လည်းကောင်း ပုံသဏ္ဌာန်နှင့် အုတ်စီအုတ်နင်း အလှဆင်စနစ်များ တူညီနေသည်ကို တွေ့ရှိရသည်။



မန္တလေးတိုင်း မြစ်သားမြို့နယ်ရှိ ပင်လယ်မြို့ဟောင်း ကုန်းအမှတ် (၁၅)မှ တူးဖော်တွေ့ရှိရသည့် ကျောက်ပုတီးစေ့များကို တွေ့ရစဉ်။ (သတင်းစဉ်)

ထိုအဆောက်အအုံ ပုံသဏ္ဌာန်များသည် အိန္ဒိယအရှေ့တောင်ပိုင်း အမရဝတီနှင့် နာဂဇုနကုဏ္ဍာမြို့ဟောင်းရှိ အချို့သော စေတီပုံသဏ္ဌာန်နှင့် ဆင်တူကြောင်း တွေ့ရှိရသည်။ တွေ့ရှိပစ္စည်းအထောက်အထားများအရ ယခု တူးဖော်တွေ့ရှိရသော အဆောက်အအုံကြီးသည် ဘာသာရေး ယုံကြည်မှုတွင် ကိုးကွယ်ရာဖြစ်သည့် သာသနိက အဆောက်အအုံ သာလျှင်ဖြစ်ကြောင်း အခိုင်အမာဖော်ထုတ်နိုင်ခဲ့သည်။

သုတေသနပြု

တူးဖော်သုတေသနလုပ်ငန်းအဖွဲ့သည် ကုန်းအမှတ်(၁၅)ကို တူးဖော်သုတေသနပြုရာတွင် အဆောက်အအုံကြီး၏ တည်ဆောက်မှု၊ အသုံးပြုခဲ့မှု၊ ပျက်စီးယိုယွင်းမှု စသည်တို့ကို သိရှိနိုင်ရန်အတွက် မြေလွှာဖြစ်စဉ်များအား အသေးစိတ်ခွဲခြားသတ်မှတ်ပြီး မှတ်တမ်းတင် လေ့လာခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံ၏ ရှေးအကျဆုံး ပျူမြို့ဟောင်းများဖြစ်သည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့ဟောင်းများ၏ ယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့် နှိုင်းယှဉ်လေ့လာ၍ ခိုင်မာသည့် သမိုင်းအထောက်အထားများကို ရှာဖွေသုတေသန ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း မြစ်သားမြို့နယ်ရှိ ပင်လယ်မြို့ဟောင်း ကုန်းအမှတ် (၁၅)မှ တူးဖော်တွေ့ရှိရသည့် သံမယ်နများကို တွေ့ရစဉ်။
(သတင်းစဉ်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

သံတွဲမြို့ ရေကြီးနစ်မြုပ်မှု ကင်းဝေးစေရေးနှင့် လမ်းဘေး ဝဲ/ယာ ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ပိုင်မြေကော်စက်ဖြင့် ရေမြောင်း တူးဖော်ဆောင်ရွက်မှုကို ဇူလိုင် ၂၀ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် မှတ်တမ်းရုံးရှေ့ရှိ ရေမြောင်းအတွင်း အမှိုက်များ၊ နုန်းများ ဆယ်ယူ ရှင်းလင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းတို့ ကြီးကြပ် ဆောင်ရွက်စဉ်။
(သတင်းစဉ်)

ဇောတံတားများတွင် ထိန်းချုပ်တပ်ဆင်ထားသည့် သံကွင်းဆက်ကြိုးများ ခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၂၅

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ ဇောတံတားတွင် ထိန်းချုပ် တပ်ဆင်ကျောက်ချထားသည့် သံကွင်းဆက်ကြိုးများ ခိုးယူသည့်တရားခံအား တာဝန်သိပြည်သူများ၏ သတင်းပေးမှုဖြင့် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့က ဇူလိုင် ၁၉ ရက်တွင် သက်သေခံပစ္စည်းများနှင့် အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အမှုဖွင့်တိုင်ကြား

ဖြစ်ပွားပုံမှာ ဝါးတန်း အမှတ်(၁)(၂)ဇောတံတားတွင် ထိန်းချုပ်တပ်ဆင်ထားသော သံကွင်းဆက်ကြိုးများ ခိုင်ခံ့မှုရှိမရှိ တာဝန်ရှိသူများက ဇူလိုင်၇ရက် နံနက်၁၁နာရီတွင် စစ်ဆေးခဲ့ရာ ဝါးတန်းဇောတံတား(၁)(၂)တွင် ထိန်းချုပ်တပ်ဆင်ကျောက်ချထားသော သံကွင်းဆက်ကြိုးများနှင့် ကြိုးချည်တိုင်(သံတုံး)များ တန်ဖိုးငွေကျပ် ၁၅၇၀၀၀၀မှာ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဆိပ်ကမ်းရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖော်ထုတ်ဖမ်းဆီးနိုင်

ထို့ကြောင့် ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အမှုစစ်အဖွဲ့များဖွဲ့၍ စုံစမ်းခဲ့ရာ သံကွင်းဆက်ကြိုးများ ခိုးယူသူ ဒလမြို့နယ်နေ သန့်ဇင်ထွေး(ခ) ရှဖီးနှင့် လှဦးတို့အား ဇူလိုင် ၁၉ ရက်တွင် သံကွင်းဆက်ကြိုးအရှည် ပေ၂၀ နှစ်ချောင်း၊ ၂၁ပေ တစ်ချောင်း၊ ၂၁ဒသမ ၅ပေ တစ်ချောင်း၊ ကြိုးချည်တိုင် (သံတုံး) တစ်တုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ **(အောက်ပုံ)**

ပြစ်မှုကျူးလွန်သူ သန့်ဇင်ထွေး (ခ) ရှဖီးနှင့် လှဦးတို့အား စစ်မေးရာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုသည်။ ပစ္စည်းခိုးသူများအနေဖြင့် ဇောတံတားများ၌ လူရှင်းချိန်များတွင် သံကြိုးကွင်းကို ဖြုတ်ယူခြင်း၊ သံဖြတ်လွှဖြင့် ဖြတ်ခြင်းများ ဆောင်ရွက်ကာ လက်ခတ်သမ္ဗန်ဖြင့်သယ်ယူခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် အဆိုပါဖြစ်စဉ်မျိုး မဖြစ်ပွားရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဇောတံတားများတွင် ထိန်းချုပ်ထားသည့် သံကွင်းကြိုးများ ပျောက်ဆုံးမှု မရှိစေရေး ရန်ကုန်တိုင်းရဲတပ်ဖွဲ့က မှုခင်းအသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှဦးစီး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ရက်ကကျင်းပရာ လည်ပေါက်-ချင်ပြစ်လမ်း၊ မောင်တုံရွာနှင့် ပုထိုးသာရွာအကြား၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများ စုပေါင်းသစ်ပင်စိုက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မန္တလေးတောင်တော်နှင့် နွေရာသီရှုခင်းဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်

မန္တလေး ဇူလိုင် ၂၀

မန္တလေးတောင်တော်နှင့် တောင်ပေါ်မှမြင်ကွင်း နွေရာသီရှုခင်းအလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၉ရက် မွန်းလွဲ ၁နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သုံးရာသီ ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ နာယက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။ (အောက်ပုံ)

တက်ရောက်

အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပု၊ တွဲဖက် အတွင်းရေးမှူး ဦးစန်းမောင်၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများ၊ အထက်မြန်မာပြည်ဓာတ်ပုံအသင်း နာယက ဦးမြတ်ကျော် (ယမင်းသူဇာ)၊ ဥက္ကဋ္ဌ ဦးထွန်းထွန်း (ချင်းတွင်း)၊ မန္တလေးဓာတ်ပုံအသင်း နာယက ဦးတင်ဝင်း(ဘူမိ)၊ ဥက္ကဋ္ဌ ဦးသိန်းငွေးမောင်(ဆွေလှသိန်း)နှင့်ပြိုင်ပွဲကော်မတီဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ဆုရဓာတ်ပုံပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးကော်မတီ နာယက မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြို့တော်ဝန်က ပထမဆုရ ကိုကိုလေး (အိုခစံ)အား ဆုငွေကျပ်တစ်သိန်းငါးသောင်း၊ ဒုတိယဆုရ ထက်သူ (ရွှေကျောင်းကြီး) အား ဆုငွေကျပ်တစ်သိန်း၊ တတိယဆုရ ညီညီ (Smile) အား ဆုငွေကျပ်ခုနစ်သောင်းငါးထောင်နှင့် နှစ်သိမ့်ဆုရ ဓာတ်ပုံပညာရှင် ၁၀ဦးတို့အား တစ်ဦးလျှင် ဆုငွေကျပ်သုံးသောင်းစီကိုလည်းကောင်း၊ ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အားပေး

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အစည်းအဝေးခန်းမအတွင်း ချိတ်ဆွဲပြသထားသည့် ဆုရဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ (၁၁၃)

မိုးစပါးလျာထားမှု ပြည့်မီအောင်စိုက်ပျိုးရေး မချမ်းဘော၌ ကွင်းဆင်းဆွေးနွေး

မချမ်းဘော ဇူလိုင် ၂၂

မချမ်းဘောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခေါင်လန်ဒီး၊ အဖွဲ့ဝင် မြို့နယ်ရဲမှူးမြင့်သိန်းဦးတို့ ကြီးကြပ်မှုဖြင့် ၂၀၀၉-၂၀၁၀ မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဦးစီးမှူးများက မြို့နယ်၏မြစ်ရိုးတစ်လျှောက် ကျေးရွာများ၊ အရှေ့ခြမ်းနှင့် မြို့ပေါ်ရပ်ကွက်များသို့ ဖွန်လမှစ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ဆွေးနွေး

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးရွာအုပ်စုရှိ တောင်သူလယ်သမားများနှင့်တွေ့ဆုံလျက် မိုးစပါးလျာထားမှုအပေါ် မြေလပ်မကျန် ပြည့်ဝစွာစိုက်ပျိုးနိုင်ရေး၊ မိုးစပါးမျိုးသန့်အတွက် မျိုးကောင်း ရွေးချယ်စိုက်ပျိုးရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ စနစ်တကျအသုံးပြု သုံးစွဲရေးနှင့် ပူတာအိုခရိုင်အတွင်း စီမံချက်ဖြစ်သည့် လက်ဖက်ပင်စိုက်ပျိုးရေးလုပ်ငန်းကို တောင်သူများအား ရှင်းလင်းဆွေးနွေးခြင်းနှင့် မေးမြန်းတင်ပြချက်များကို ပြန်လည်ဆွေးနွေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဂန့်ဂေါမြို့နယ် လယ်မရွာတွင် ဇွန် ၂၉ရက်က ဖူးပွင့်ဝေ ကိုယ့်အား ကိုယ်ကိုးစာ ကြည့် တိုက်အဆောက်အအုံသစ် ဖွင့်ပွဲနှင့် လွှဲပြောင်း ပေးအပ်ပွဲ ကျင်းပရာ ကျေးရွာ ဥက္ကဋ္ဌ ဦးဝကျော် နှင့် ဂန့်ဂေါ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၀၇၁)

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၂) ရပ်ကွက် မင်္ဂလာလမ်းသွယ်အား ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျောက်ချောခင်းဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာဦးစိုးလွင် ဦးဆောင်သောအဖွဲ့ ဆောင်ရွက်နေမှုကို ဇူလိုင် ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးတင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၅၄)

မိုးစပါးစိုက်ပျိုးရေး စီမံကိန်းရည်မှန်းချက် တကောင်းမြို့၌ တာဝန်ပေးအပ်

တကောင်း ဇူလိုင် ၁၄

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ၂၀၀၉-၂၀၁၀ မိုးစပါးစိုက်ပျိုးရေး စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက တကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် တကောင်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူးဦးကျော်ခိုင်ထွန်းက အမှာစကား ပြောကြားပြီး မြို့ စိုက်/ကြပ်အဖွဲ့ဝင် မြေစာရင်းဦးစီးမှူး ဦးထွန်းမင်းနိုင်နှင့် စိုက်ပျိုးရေးမန်နေဂျာ ဦးခင်ဇော်တို့က စီမံကိန်းနှင့် ပတ်သက်သည် များကို ရှင်းလင်း ဆွေးနွေးကြသည်။

တာဝန်ပေးအပ်

ထို့နောက် အုပ်ချုပ်ရေးမှူးက ၂၀၀၉-၂၀၁၀ ခုနှစ်တွင် စိုက်ပျိုးထုတ်လုပ်မည့် မိုးစပါးစီမံကိန်းဧကများကို သတ်မှတ်ဧကအလိုက် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား တာဝန်ပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးတိုက်ဖျက်ရေး အခမ်းအနား တနိုင်း၌ကျင်းပ

တနိုင်း ဇူလိုင် ၁၅

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက တနိုင်းမြို့ ဟူးကောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကံပိုက မူးယစ်ဆေးဝါးအကြောင်းကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာဇော်ထွန်းငြိမ်းက မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာတို့ကိုလည်းကောင်း ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖာပွန်၌ သစ်ပင်စိုက်ပျိုး

ဖာပွန် ဇူလိုင် ၂၀

ဖာပွန်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဦးစီးဌာနမှူး ဦးအောင်ဇော်ဦး စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပွဲ အခမ်းအနားကို ဇွန် ၃ ရက် နံနက် ၇ နာရီက ဖာပွန်မြို့ ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းဝင်း၌ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးဝေလင်း တက်ရောက်အားပေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၃၀၀ခန့် တက်ရောက်ကြပြီး ကျွန်းနှင့် မဟော်ဂနီ စုစုပေါင်း အပင် ၉၀၀ စိုက်ပျိုးခဲ့ကြသည်။ (မြို့နယ် ပြန်/ဆက်)



ဧရာဝတီတိုင်းကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်ဂုဏ်ထူးရ ကျောင်းသားများအားဂုဏ်ပြု

ခင်ဦး ဇူလိုင် ၁၅

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌဦးကျော်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဘကျမ်က ပညာရေးလုပ်ငန်းများနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ဂုဏ်ထူးရှင်၁၈ ဦးအား ဆုများချီးမြှင့်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ဆင်ပေါင်ဝဲမြို့ အမှတ်(၅)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ရန် ကျောက်များစုဆောင်းထားမှုကို မေ ၁၄ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ရွှေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



26-7 (15).pmd 1 7/26/2009, 2:18 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အဝလွန်သူများ အူမကြီးကင်ဆာ ဖြစ်ပွားနိုင်ဟုဆို

အဝလွန်ခြင်းသည် အူမကြီးကင်ဆာဖြစ်ပွားမှုနှင့် ဆက်စပ်လျက်ရှိကြောင်း ကနေဒါဆေးသိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

ဖြစ်ပွား

အဝလွန်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောများပြားပြီး သွေးစီးဆင်းမှုစနစ် ပြောင်းလဲကာ အူလမ်းကြောင်းအတွင်း အကျိတ်အဖုများဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း သိရသည်။

အစားအစာ

အဝလွန်သူများသည် အစားအစာကို သာမန်ထက် ပိုမိုစားသုံးလေ့ရှိရာ အဝလွန်မှုကြောင့် စာမျက်နှာ ၅ ကော်လံ ၆ ❒

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် ကျုံကလွတ်ကျေးရွာအုပ်စု ပျဉ်ထောင်စုရွာမှ သင်္ဘောခြံများအတွင်း သီးအားကောင်းနေသော သင်္ဘောပင်များကို ဤသို့ တွေ့ခဲ့ရသည်။

ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)

ဧရာဝတီတိုင်းမှ ထွက်ရှိသော ကျိုက်လတ်သင်္ဘောသီးများ

ရန်ကုန်မြို့သို့ စက်လှေကြီးများဖြင့် တင်ပို့နေ

➢ သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)
➢ စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၅

ဧရာဝတီတိုင်း ကျိုက်လတ်မြို့ကား ကုန်းလမ်း၊ ရေလမ်းပေါက်သဖြင့် ကူးသန်းရောင်းဝယ်ရေးအတွက် အဆင်ပြေသလို စိုက်ပျိုးရေးတွင်လည်း အောင်မြင်ဖြစ်ထွန်းသည်။ ကျိုက်လတ်မြို့နယ်အဝင်ကတည်းက စိမ်းစိုသော လယ်ကွင်းများ၊ ဥယျာဉ်ခြံများနှင့် စပါးစိုက်ပျိုးနေသည့် မြင်ကွင်းများကို မပြတ်တမ်းမြင်တွေ့လာရသည်။

ပျဉ်ထောင်စုရွာ

ကျိုက်လတ်မြို့သို့ ရောက်ရောက်ချင်း အနားမယူနိုင်ဘဲ ရာသီဥတုသာယာသဖြင့် သင်္ဘောသီးများ စိုက်ပျိုးသည့် ဥယျာဉ်ခြံများရှိရာသို့ ထွက်ခွာခဲ့သည်။ ကျိုက်လတ်မြို့အရှေ့ဘက် သုံးမိုင်ခန့်အကွာ ကျုံကလွတ်ကျေးရွာအုပ်စု ပျဉ်ထောင်စုရွာသို့ ရောက်ရှိခဲ့သည်။ စာမျက်နှာ ၁၀ ကော်လံ ၁ ✻

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဒီနေ့ဒီအချိန်လို ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာမှုမျိုးကို အတိတ်သမိုင်းတစ်လျှောက်လုံး ကျွန်တော်တို့ ဘယ်တုန်းကရခဲ့ဖူးသလဲ။ ဒီထက်ပိုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ အေးချမ်းသာယာရေးအာမခံချက် ပေးနိုင်အောင် သိမ်သိမ်မွေ့မွေ့နဲ့ ဆက်လုပ်နေဆဲမဟုတ်လား။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုးမြှင့်တည်ဆောက်နေဆဲပဲမဟုတ်လား။ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာက ဒီမိုကရေစီအတွက် အခြေခံအုတ်မြစ်တွေပဲ။ ဒါတွေမရှိရင် ဒီမိုကရေစီကိုဖော်ဆောင်လို့ မရနိုင်ဘူး။

ကိုသာယာ၏ ဆောင်းပါး စာ ၈ - ၉